မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၄)

ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချို အရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှု အန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကျိုက်လတ်မြို့ သာယာဝဲကျေးရွာ၌ အမျိုးသားသဘာဝဘေးဗီဒီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်

ဖျာပုံ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ သာယာဝဲကျေးရွာ၌ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆





တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❍

သက်တမ်းလွန် CNG ဆလင်ဒါအိုးများအား အသစ်လဲလှယ် တပ်ဆင်ခြင်းမရှိသည့် CNG ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန်ရည်ရွယ်၍ CNG ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)ကို ၁-ဇူလိုင်ရက်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) သည် သဘာဝဓာတ်ငွေ့ကို လေထုဖိအား၏ အဆ ၂၀၀ ဖြင့် ဖိသိပ်၍ အိုးအတွင်းထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သောဓာတ်ငွေ့ဖြစ်သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပါက ပတ်ဝန်းကျင်ရှိ အများပြည်သူ


စာမျက်နှာ ၅ ကော်လံ ၁ ❑

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဆောင်မှညီနိုင်းရေးကော်မတီနှင့် အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

စာမျက်နှာ ၃

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရာစု၏ အရှိန်ကြောင့် မိုးထစ်ချုန်းရွာမည်

၂-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း"မူရာစု(MURASU)" လမ်းကြောင်းပြမြေပုံ



နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ ညနေ ၃ နာရီ၌ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းမူရာစုသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းမူရာစုသည်

စာမျက်နှာ ၅ ကော်လံ ၁ ✣



မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးမြင့်အေး ကို မန္တလေး တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမျိုးဝင်းအောင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိ ခရိုင်တရားရုံး ရုံးခန်း အမှတ်(၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၇/၂၀၂၆ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၆ (ရန်ကုန်)၊ ၃၁/၂၀၂၆ (ရန်ကုန်) နှင့် ၃၂/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုသုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (ဧရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်) နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်၌ လှိုင်းကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့် မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မိရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၉၀	၄၆၉၅	၄၆၄၅	၄၅၉၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၈၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၀၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၉၀	၄၆၇၀	၄၆၀၀	၄၇၁၅	၄၆၀၀	-	၄၉၀၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၆၅	၅၆၉၀	၅၅၆၅	၅၅၃၅	၅၉၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅
HSD (10 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၆၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၃၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဒီဂျစ်တယ်ခေတ်၏ ကမ္ဘာကြီးတွင် ဝေဖန်ဆန်းစစ်မှုနှင့် အသိပညာကြွယ်ဖို့လို

ယနေ့ခေတ်တွင် သတင်းအချက်အလက်များစွာတို့က အချိန်နှင့်အမျှ မိမိထံဦးတည်၍ စက္ကန့်မလပ်စီးဆင်းလာနေသည်။ ထိုသတင်းအချက်အလက်များစွာတို့တွင် အစစ်လည်းပါသည်၊ အတုလည်းပါသည်။ အကျိုးရှိစေသည်လည်းပါသည်၊ အကျိုးယုတ်စေသည်လည်းပါသည်။ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်း ကောင်းရာကောင်းကြောင်းပါသလို ပျက်စီးရာပျက်စီးကြောင်း အဖျက်အမှောင့်များလည်း ပါသည်။

ဒီဂျစ်တယ်ခေတ်တွင် ပို့နှုန်နေသောသတင်းများ၊ သတင်းတုများနှင့် လုပ်ကြံသတင်းများကို ဝေဖန်ပိုင်းခြားနိုင်ရန်၊ သတင်းအချက်အလက်များကို မှန်ကန်စွာ ရှာဖွေဆန်းစစ်အသုံးပြုနိုင်ရန်နှင့် အများပြည်သူ၏ မီဒီယာဗဟုသုတစွမ်းရည်ကိုမြှင့်တင်ရန် ရည်ရွယ်၍ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို)က ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်ကို နှစ်စဉ်အောက်တိုဘာလ ၂၄ ရက်မှ ၃၁ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည်။

မျက်မှောက်ခေတ်တွင် သတင်းအချက်အလက်သိနားလည်မှု (Information Literacy) သည် လူတိုင်းနှင့် သက်ဆိုင်လာပြီဖြစ်ပြီး မဖြစ်မနေ သိနားလည်ရန် လိုအပ်လာသည်။ သတင်းအချက်အလက် သိနားလည်မှုဆိုသည်မှာ မိမိအတွက် မည်သည့်သတင်းအချက်အလက် လိုအပ်နေသည်ကိုသိရှိပြီး ထိုအချက်အလက်ကို ထိရောက်စွာရှာဖွေနိုင်ခြင်း၊ အမှန်အများဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ခြင်းနှင့် စနစ်တကျ ပြန်လည်အသုံးပြုနိုင်ခြင်းဆိုင်ရာ စွမ်းရည်ပင်ဖြစ်သည်။ သတင်းအချက်အလက်များစွာ စီးဆင်းပျံ့နှံ့နေသည့် ယနေ့ခေတ်တွင် သတင်းတစ်ခုကို မြင်မြင်ချင်း ချက်ချင်းမယုံကြည်ဘဲ စစ်မှန်မှုရှိမရှိကို ကိုယ်တိုင်ဝေဖန်ဆန်းစစ်နိုင်သည့် အရည်အချင်းဟုလည်း ဆိုနိုင်သည်။

သတင်းအချက်အလက် သိနားလည်နိုင်စွမ်းရှိသူသည် အွန်လိုင်းပေါ်ရှိ သတင်းမှား၊ သတင်းတုနှင့် လုပ်ကြံသတင်းများ၏ လှည့်စားမှုကို မခံရအောင် မိမိကိုယ်ကိုကာကွယ်နိုင်သည်။ မိမိအကျိုးစီးပွားအလို့ငှာ လိုအပ်သည့်ဆုံးဖြတ်ချက်များကိုလည်း မှန်ကန်သည့် အချက်အလက်များပေါ်အခြေခံ၍ ချမှတ်နိုင်သည်။ ဒီဂျစ်တယ်ခေတ်၏ ကမ္ဘာကြီးတွင် ကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုရှိပြီး အသိပညာကြွယ်ဝသည့် နိုင်ငံသားတစ်ယောက် ဖြစ်လာစေနိုင်သည်။

ယနေ့ လူမှုကွန်ရက်အသုံးပြုကြည့်ရှုသူအများစုတို့မှာ ငွေကြေးအမြတ်အစွန်း သို့မဟုတ် ကြည့်ရှုသူဦးရေ (Views) များများရရှိရေးအတွက်သာ အမိကဦးတည်သည့် အကြံအဖန်သတင်း (Clickbait) များကို နေ့စဉ်ဆိုသလို မြင်တွေ့နေကြရသည်။ အကြံအဖန်သတင်းများဆိုသည်မှာ သတင်းအချက်အလက်ကို မှန်မှန်ကန်ကန်ခိုင်ခိုင်လုံလုံ တင်ပြခြင်းထက် ကြည့်ရှုသူအများအပြား စိတ်ဝင်စားလာစေရန်နှင့် လူပြောသူပြောများလာစေရန် သတင်းများကို ချဲ့ကားခြင်း၊ လှုပ်ကြွဖန်တီးခြင်း၊ စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ပုံဖော်ခြင်းတို့ကို မီဒီယာကျင့်ဝတ်ကင်းမဲ့စွာပြုလုပ်ထားကြသည့် သတင်းမျိုးဖြစ်သည်။

ၿငိမ်းတို့သည် သတင်းအကြောင်းအရာနှင့် မအပ်စပ်ဘဲ လူစိတ်ဝင်စားစေမည့် ခေါင်းစဉ်ဆန်းဆန်းများ၊ ထိတ်လန့်ဖွယ် ခေါင်းစဉ်များပေးထားတတ်ပြီး တိကျသောသတင်းအရင်းအမြစ် မပါရှိခြင်း၊ တစ်ဆင့်စကားများကို အတည်ပြုချက် မယူဘဲ ရေးသားခြင်း၊ သတင်းခိုးယူဖော်ပြခြင်းတို့ ပြုလုပ်ကြသည်။ စာဖတ်သူများဒေါသထွက်စေရန်၊ ကြောက်ရွံ့စေရန်၊ သနားစရာဖြစ်စေရန် လူတို့၏ ခံစားချက်ကို လှုံ့ဆော်သည့် ရေးသားမှုမျိုးကို အသုံးပြုကြသည်။ အများပြည်သူအတွက် အကျိုးရှိစေမည့် သတင်းများထက် အနုပညာရှင်များ၊ နာမည်ကြီးပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာများနှင့် အတင်းအဖျင်းများကို အကျယ်တဝင့်ဖော်ပြတတ်သလို သာမန်ကိစ္စတစ်ခုကို ပုံကြီးချဲ့ကား၍ လူထုကြားတွင် ထိတ်လန့်မှုဖြစ်ပေါ်အောင်လည်း ဖန်တီးတတ်ကြသည်။ အွန်လိုင်းတွင် ၎င်းတို့တင်သည့် ဗီဒီယို သို့မဟုတ် စာမျက်နှာကို ဝင်ကြည့်သူများပြားမှသာ ကြော်ငြာခရရှိမည်ဖြစ်သောကြောင့် လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံသတင်းများဖြန့်ဝေ၍ စီးပွားရှာကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ဖတ်ရှုနေသော သတင်းသည် ခိုင်လုံသောမီဒီယာကြီးများမှ လာခြင်း ဟုတ်မဟုတ် ဆန်းစစ်နိုင်ရန် လွန်စွာအရေးကြီးသည်။

အင်တာနက်နှင့် လူမှုကွန်ရက်များတွင် ပို့နှုန်နေသည့် သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများသည် မိမိအတွက်ရော မိမိတို့၏လူ့အဖွဲ့အစည်းအတွက်ပါ အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်ကို သိရှိနားလည်ပြီး သတင်းတု၊ သတင်းမှား၊ အကြံအဖန် သတင်းများနှင့် အမုန်းစကားများကို ဆန့်ကျင်တိုက်ဖျက်ရန်၊ မှန်ကန်ခိုင်လုံသည့် သတင်းအချက်အလက်များကို အများကောင်းကျိုးအတွက် ဖြန့်ဝေရန်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို မှန်ကန်စွာအသုံးချနိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာ့အလင်း

အကြားတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၀၊ ဒီဇိုင် ၀၁-၅၄၄၃၁၁၊ ဌေးစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၄၈၃၇၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၄၆၂၂၀၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper

ညီညွတ်ရေးက အရေးကြီး

“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



မိုင်းလား နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အဖြတ်မဲကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်(**အပေါ်ပုံ**)က ယခုနှစ် အတွင်း တတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အထူးဒေသ(၄)သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ဒေသခံပြည်သူများသည်လည်း မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ အထူးဒေသ (၄)၏ နိုင်ငံရေးလိုလားချက်အပေါ် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်သောဆောင်ရွက်ဖွယ်ရာကိစ္စများအား ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်ဥက္ကဋ္ဌကြီး ဦးစိုင်းလင်း၏ **“ငြိမ်းချမ်းစည်းလုံး၊ ဖွံ့ဖြိုး”** လမ်းစဉ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး နိုင်ငံတော်အစိုးရဘက်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်မှုအား ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)ငြိမ်းချမ်းရေးနှင့်စည်းလုံးရေး ကော်မတီ၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးကိုယ်စား မိမိတို့အား အလေးထားပြီး မိုင်းလားသို့ဒုတိယအကြိမ်လာရောက်တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုဆိုပါကြောင်း၊ ယခုလို လာရောက်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းမှတစ်ဆင့် ယုံကြည်နားလည်မှု တိုးပွားလာနိုင်မည်ကို ယုံကြည်ပါကြောင်း၊ ယခင် ဆွေးနွေးပွဲပြီးနောက် စက်တင်ဘာလလယ်တွင် ရှမ်းပြည်နယ် ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ဆေးကုသမှုများ လာရောက်ဆောင်ရွက်ခဲ့ပြီး မိုင်းလားနှင့် ဆီလူးဒေသရှိ အခြေခံပညာစာသင်ကျောင်းနှစ်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသ(၄)၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများအား အထူးအလေးထား ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် မိမိတို့ဒေသအခြေအနေများကို တင်ပြခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးအဆင့်အတန်းကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အဖိုးရ၏အုပ်ချုပ်မှုအောက်တွင် ဒေသနှင့်သင့်လျော်သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်အတန်း သတ်မှတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးဒေသ(၄) မိုင်းလားတွင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့သည် ကျိုင်းခမ်းမြို့အနောက်ဘက် နမ့်လွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မိုင်းဝရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ ***ရှေ့ဖုံးမှ***

ကြည့်ရှုစဉ် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ခုကျရောက်ပါက ကြိုတင်ရှောင်တိမ်းနိုင်ရန် ရည်ရွယ်ဆောက်လုပ်သည့် အဆောက်အအုံ ဖြစ်သဖြင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကျိုက်လတ်မြို့ ဓမ္မဝိဟာရ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဘိုးဘွားရိပ်သာဝင်းအတွင်း အိပ်ဆောင်၊ စားသောက်ဆောင်၊ နားနေဆောင်နှင့် ဘုရားဝတ်ပြုဆောင်များကို ကြည့်ရှုပြီး ရိပ်သာအတွက် တစ်နှစ်စာထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဖျာပုံမြို့ရပ်ကွက် (၁၁) မူလတန်းကြိုကျောင်း၌ မူကြိုအရွယ်ကလေးငယ်များအား ပြုစုလေ့ကျင့်သင်ကြားပေးနေမှု၊ နာဂစ်မုန်တိုင်းလွန်ကာလ ၂၀၀၉ ခုနှစ်က တည်ဆောက်ထားခဲ့သည့် တင်ပုလွဲကျေးရွာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၏ ကြံခိုင်မှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကနီလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ သွားရောက်ပြီးပရဟိတဂေဟာအတွက် တစ်နှစ်စာ ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

အလားတူ ဖျာပုံမြို့ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှု၊ ဘိုးဘွားရိပ်သာ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး အဘိုးအဘွားများအတွက် ဖြည့်စွက်စာများ၊ ဘိုးဘွားရိပ်သာအတွက် တစ်နှစ်စာ ထောက်ပံ့ကြေးငွေနှင့် ရိပ်သာရှိ



အသက် (၈၅)နှစ်အထက် အဘိုးအဘွားငါးဦးအတွက် နိုင်ငံတော် ကထောက်ပံ့သည့် လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂-၁၁-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်မြို့	၄၀.၀	၁၀၄.၀
၂။	ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)	၃၇.၈	၁၀၀.၀
၃။	ပြည်မြို့	၃၇.၆	၉၉.၇
၄။	ဘားအံမြို့	၃၇.၅	၉၉.၅
၅။	ညောင်ဦးမြို့	၃၇.၀	၉၈.၆
၆။	မြင်းမူမြို့	၃၇.၀	၉၈.၆
၇။	မကွေးမြို့	၃၇.၀	၉၈.၆
၈။	ကျောက်ဆည်(လွှဲနေကျ)	၃၇.၀	၉၈.၆
၉။	အောင်လံမြို့	၃၆.၉	၉၈.၄
၁၀။	မင်းဘူးမြို့	၃၆.၈	၉၈.၂

❍ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေး၊ လမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအား ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာအသိပညာစာပေများ သင်ကြားပေးနိုင်ရေး၊ ပုဂ္ဂလိကပိုင်ကျောင်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ စဉ်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား ပလိပ်မြို့အဖြစ် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရရှိနိုင်ရေးတွက် မြို့အင်္ဂါရပ်နှင့် ပြည့်စုံရမည့်အချက် ၂၁ ချက်အနက် ၁၆ ချက်သာပြည့်စုံပြီး ကလေးများ အပန်းဖြေရန် ဥယျာဉ်/ကစားကွင်း၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့်အစီအမံ၊ အမှိုက်စွန့်ရန် မြေနေရာ၊ မိလ္လာစွန့်ရန် မြောင်းတူးမည့် မြေနေရာ၊ သုသာန်မြေနေရာ စသည့်အချက် ငါးချက်မှာ ကိုက်ညီမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပလိပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လွှင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လောပိတ မြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာ အဆောက်အအုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၁ ခုနှစ်၊ မတ်လတွင် KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လောပိတ နယ်မြေရဲစခန်းကို သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် ရုံး/နေအိမ်အဆောက်အအုံများအားလုံး ပျက်စီးခဲ့ပါကြောင်း၊ ရုံး/နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သောကြောင့် လူနေထိုင်၍မရရှိတော့သဖြင့် တပ်ဖွဲ့ဝင်နှင့်မိသားစုများသည် ၂၃-၅-၂၀၂၁ ရက်နေ့မှ စတင်၍ ခြေလျင်တပ်ရင်း(လောပိတမြို့)နှင့် လွှင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှုန်းရုံးတို့တွင် တွဲဖက်နေထိုင်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လောပိတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လက်ရှိနယ်မြေအခြေအနေအရ ခြေလျင်တပ်ရင်းတွင်အခြေပြုပြီး တပ်မတော်နှင့်အတူပူးပေါင်း၍ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့်သာဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိပါက အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော လောပိတနယ်မြေရဲစခန်းကို ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း၊ နယ်မြေရဲစခန်းရုံး အဆောက်အအုံတစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံးတို့အား နီးစပ်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး- နတ်သံကွင်း- ပဲန္နယ်ကုန်းလမ်းအား အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ကြီး-နတ်သံကွင်းကားလမ်း တစ်လျှောက်တွင် KNU/ PDF အကြမ်းဖက်အဖွဲ့များက တပ်မတော်/လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ အများပြည်သူများ သွားလာအသုံးပြုသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လတ်တလောတွင် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းအား အသုံးပြု၍မရရှိင်သေးပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် ပြောင်းရွှေ့/ရောက်ရှိ/ထွက်ခွာမည့် ဝန်ထမ်းများ၊ တက္ကသိုလ်များသို့ ပညာသင်ကြားရန် သွားရောက်မည့် ကျောင်းသား/ကျောင်းသူများ၊ ကျန်းမာရေးအရ ဆေးဝါးကုသမှုခံယူမည့်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက သက်ဆိုင်ရာနယ်မြေခံတပ်နယ်သို့ ခရီးသွားရောက်မည့်အခြေအနေကို သတင်းပို့တင်ပြကာ တပ်မတော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမကြီး၏ ဝဲ/ယာတွင်ရှိသော အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေသည့် ကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေလွှင်းလင်းဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးမြို့နှင့် နတ်သံကွင်းမြို့အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ မြှုပ်နှံထားသည့် မိုင်းများကို တပ်မတော်မှ ရှင်းလင်းဆောင်ရွက်လျက်ရှိပါသောကြောင့် ပြည်သူများ သွားလာနေထိုင်နိုင်မည်ဖြစ်ပါကြောင်း။

ယာယီနေရပ်စွန့်ခွာပြည်သူများအား စိစစ်၍ ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်အတူ အကြမ်းဖက်သမားများ ရောနှောဝင်ရောက်လာမှု မရှိစေရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစိစစ်ပြီး အိမ်ထောင်စုအလိုက် ပြန်လည်နေရာချထားနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမှ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိနိုင်ရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် နတ်သံကွင်းမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများမှ ရံဖန်ရံခါ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drop Bomb များ၊ FPV drone များဖြင့် တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် လတ်တလောတွင် လုံခြုံရေးအခြေအနေအရ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်း၊ လုံခြုံရေးအခြေအနေများ ကောင်းမွန်သည့် အချိန်မှသာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြန်လည်နေရာချထားခြင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှု ဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်လာစေရန်ရည်မှန်း၍ ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နီတိ၊ ဒီမိုကရေစီသဘောသဘာဝ၊ ဥပဒေဆိုင်ရာ သင်ခန်းစာများ၊ ယဉ်ကျေးမှုဘဝဝန်းကျင်ဆိုင်ရာ အသိပညာစာပေများ စသည်တို့ကို ကျောင်းသား ကျောင်းသူများအား သင်ကြားပေးရုံသာမက မျိုးဆက်သစ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်လျက်ရှိသည့် ဆရာ ဆရာမ လောင်းလျာများကိုလည်း ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးဗန်နီ၏ **ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင် ကျောင်းများအား အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင် ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်ကြပ်မတ်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိက ကျောင်းများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိကကျောင်းဆရာများ၊ စီမံဝန်ထမ်းများ (အချိန်ပိုင်း၊ အမြဲတမ်း)တို့အား DCS ပြုလုပ်ထားသည့် ဆရာ ဆရာမများ သင်ကြားမှုမရှိစေရေး သေချာစွာ စီစစ်ကြပ်မတ်ရန်၊ စာသင်ကြားခြင်းတွေ့ရှိပါက ကျောင်းများအား ပိတ်သိမ်းအရေးယူရန်နှင့် ပုဂ္ဂလိက ဆရာ ဆရာမများ၏ ကိုယ်ရေးအချက်အလက်များအား သေချာစွာစီစစ်ရေး ကြီးကြပ်ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်ရေးမှတ်တမ်းများ တင်ပြရာတွင်လည်း ယခင် ပညာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ၊ DCS ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ဘွဲ့လက်မှတ်မိတ္တူများအား ကာယကံရှင်နှင့် သက်ဆိုင်ရာ ကျောင်းတည်ထောင်သူတို့မှ မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပြီး ကျောင်းအလိုက် စုစည်းကာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့စေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေမဲ့ လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ အတန်းကျော်လွှန် တက်ရောက်ခွင့်ပြုခြင်း ဆောင်ရွက်ကြောင်း စီစစ်တွေ့ရှိရပါက ပုဂ္ဂလိကပညာရေးဥပဒေ ပုဒ်မ ၅၁ အရ စီမံခန့်ခွဲရေးနည်းလမ်းအတိုင်း ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ဥပဒေပညာ ဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့်နှစ်မှ စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က အဆင့်မြှင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အပါအဝင် သိသင့်သိထိုက်သည့် ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပညာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခြေခံပညာ အလယ်တန်းဆင့် (Grade–8) (Grade–9)တွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းဆင့် Grade–10, Grade–11, Grade–12 တန်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာနမှ ပြုစုထားသည့် ဥပဒေအသိပညာ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် (66KV)ခွဲရုံ တည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောင်းကုန်း မြို့နယ် ဂုံမင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားရယူ၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးခွဲနိုင်မည် ဖြစ်ပါကြောင်း၊ ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးခွဲခွင့်ရရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **သာကေတမြို့နယ်အတွင်း 11KV Feeder Lines များ၊ 400 V Lines များနှင့် Transformer များကို အပိုင်းလိုက် အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် လာမည့်ဘဏ္ဍာနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာကေတမြို့နယ်အတွင်းရှိစက်မှုဇုန်အား ၂၀၂၅ခုနှစ် ဒီဇင်ဘာလမှစ၍ LNG ဓာတ်အား ဖြင့်လည်း ဓာတ်အားဖြန့်ဖြူးပေးထားပါသဖြင့် ယခင်နှစ်များထက် ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ မီးသုံးစွဲသူများအနေဖြင့် သုံးစွဲသည့်ယူနစ်အား မိမိကိုယ်တိုင် ဖတ်ရှုမှတ်သားနိုင်ရေးအတွက် AMI စနစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းများအား ယခုနှစ် စက်တင်ဘာလမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ မိတာအလုံး ၆၇,၈၀ အား AMI စနစ်သို့ ပြောင်းလဲပေးထားပြီး ကျန်မိတာ ၃၃,၅၄၆ လုံးအား ယခုနှစ် အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါကြောင်းနှင့် 11KV Feeder Line များ၊ 400 V Line များနှင့် ထရန်စဖော်မာများအား အပိုင်းလိုက် အသစ်လဲခြင်း (သို့မဟုတ်) အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို လက်ရှိဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်ခွင့်ပြုချက်ပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **မိုးနဲ မြို့နယ် နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်ဖွန်နှင့် ပါဟာကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့နောင်ဟီးကျေးရွာအုပ်စုအတွင်းရှိ လွယ်ဆိုင်၊ နမ့်ဖွန်နှင့် ပါဟာကျေးရွာ သုံးရွာ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၂ ဒသမ ၃၅ မိုင်၊ ၁၀၀ ကေဗွီအေထရန်စဖော်မာ သုံးလုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၇ မိုင်အား ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ရွာစဉ်အလိုက် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးမှန်းခြေဝေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်းနှင့် ဦးကျော်ထင်၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိဒ်ခဲ့ဝန်ထမ်းများ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်အတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ ကာလတို သင်တန်းများအပြင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းများကို ကိုးကြိမ်အထိဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးအဆင့်အရာထမ်းသင်တန်းသား ၃၁၄ ဦး တက်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသို့ တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်နှင့် လက်တွေ့သင်ခန်းစာများကို သေချာစွာလေ့လာသင်ယူပြီး မိမိတို့ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြှင့်တင်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေးအတွက် ကြိုးစားလေ့လာသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀) သို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၁၇ ခုတို့မှ ညွှန်ကြားရေးမှူးအဆင့်အရာထမ်း ၃၂ ဦး ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ခြောက်ပတ်ကြာမြင့် မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

✤ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၂၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၉၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့၏တောင်ဘက် ရေမိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရားစု၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။


အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရားစုသည် ညနေ ၃ နာရီတွင် မြောက်လတ္တီကျူ ၁၄ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်း ခန့်ဖြစ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မူရားစုသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မူရားစု၏ အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရားစု၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။



မြန်မာ့အလင်း

❑ ရှေ့ဖုံးမှ

အသက်အိုးအိမ်များ ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနသည် CNG ယာဉ်များ၏ ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများ ဘေးကင်းလုံခြုံမှု (Safety) ရှိ/မရှိ နှစ်စဉ် နှစ်ပတ်လည်စစ်ဆေးခြင်းများ (Annual Inspection) ဆောင်ရွက်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကိုသာ CNG အသုံးပြုခွင့်စာအုပ်နှင့်ကတ်ထုတ်ပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)ကို ရောင်းချပေးလျက်ရှိပါသည်။

ထို့အပြင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနရှိ CNG Retest Factory အလုပ်ရုံတွင်လည်းထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်း(၅)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ပထမအကြိမ်စစ်ဆေးမှုခံယူစေခြင်း၊ (၁၀)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ဒုတိယအကြိမ်စစ်ဆေးမှုခံယူစေခြင်း၊ သက်တမ်း(၁၅)နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန် ပယ်ဖျက် (Reject) အဖြစ်သတ်မှတ်ကာ အိုးအသစ် ပြောင်းလဲတပ်ဆင်အသုံးပြုစေခြင်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များအနေဖြင့် ယာဉ်တွင်တပ်ဆင်အသုံးပြုလျက်ရှိသော သက်တမ်း(၁၅)နှစ်ပြည့်ပြီးဖြစ်သည့် CNG ဆလင်ဒါအိုးများအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ CNG ဆလင်ဒါအိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသို့ လာရောက်၍ စစ်ဆေးမှုခံယူသွားကြရန်နှင့် သက်တမ်းကျော်လွန်ပြီး CNG ဆလင်ဒါအိုး အသစ်လဲလှယ်ခြင်းမရှိသောယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်သောကြောင့် အိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် လာရောက်စစ်ဆေးမှုခံယူပြီးမှသာလျှင် သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်အား ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ဝွေတာရာရောက်သည့် အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။



အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

အဖိုးတန်ဆုံးသော သဘာဝတရား၏ လက်ဆောင်ကို ထိန်းသိမ်းကြမှသာ ...



“အမှန်တကယ်အားဖြင့်တော့ ရေရှားပါးတာကို တားဆီးဖို့ မိုးရွာတာနဲ့ မြစ်ချောင်းတွေ ရေမခန်းခြောက်အောင် တားဆီးထိန်းချုပ်တာမျိုး လူသားတွေ မလုပ်နိုင်ပါဘူး။ မလွန်ဆန်နိုင်တဲ့ သဘာဝတရားကြီးကို ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ လူသားတွေ ကောင်းကောင်းလုပ်ကိုင်နိုင်တာမို့ ရရှိထားတဲ့ရေကို ဘယ်လိုသုံးစွဲမလဲ၊ ဘယ်လိုသိုလှောင်မလဲ၊ ဘယ်လိုထိန်းသိမ်းကြမလဲဆိုတာကို လူအများစုက တစ်ပြိုင်နက်တည်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ရှိနှင့်ပြီးသား ရေအရင်းအမြစ်တွေကို ထိန်းသိမ်းရာမှာ အကျိုးရှိစေမှာ ဖြစ်ပါတယ်”

ခင်ရတနာ

ရေတစ်ခွက်ရဖို့အတွက် နာရီပေါင်းများစွာ စောင့်ဆိုင်းနေရတာ၊ မိသားစုစားသောက်ဖို့အတွက် လိုအပ်တဲ့ရေကို ငွေပေးပြီးဝယ်နေရတာ၊ အိမ်နောက်ဖေးက မြစ်၊ ချောင်းထဲမှာ ရေမရှိတော့လို့ ရှာရေကို သုံးရေလုပ်နေရတာ စသဖြင့် ရေအခက်အခဲကြုံတွေ့နေရတဲ့နိုင်ငံတွေ ကမ္ဘာမှာ များလာနေပြီ။ ရာသီဥတုပြောင်းလဲမှုနဲ့ အယ်လ်နီညိုဖြစ်စဉ်တွေရဲ့ သက်ရောက်မှုခံနေရတဲ့ ကမ္ဘာ့နိုင်ငံအချို့မှာ ဒီမြင်ကွင်းတွေက နေ့စဉ်ဘဝဖြစ်ရပ်မှန်အဖြစ် ရှိနေခဲ့ပြီ ဖြစ်ပါတယ်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမန်တန်ပြည်နယ် ပင်ယလာဒီကျေးရွာမှာ များပြားလှတဲ့ လူတန်းကြီးက ရေအခမဲ့ပေးဝေမှုကို စောင့်ဆိုင်းနေကြရပါတယ်။ ကျေးရွာသူ ကလေးသုံးယောက်မိခင် ဆရီဝါတီက မိုးမရွာတာ သုံးလကျော်လာလို့ ခန်းခြောက်လာခဲ့တဲ့ အိမ်ဘေးနားကမြစ်ကို လှမ်းကြည့်ရင်း သက်ပြင်းရှိက်ပါတယ်။ သူ့အတွက် ကာပွာမြစ်ရေက တစ်သက်လုံးအသုံးဝင်မယ်လို့ ယုံကြည်ထားတာပါ။ ဒါပေမယ့် အခုတော့ မြစ်ရေက အနည်းငယ်သာကျန်တော့ပြီး ကျန်တဲ့ရေအနည်းငယ်က ရှဲနဲ့ရောနှောနေတဲ့အတွက် ဆန်ဆေးဖို့တောင် မသင့်တော်တော့တာကြောင့် အခုလို ရေလာတန်းစီနေတာဖြစ်တယ်လို့ သတင်းထောက်ရဲ့အမေးကို ဖြေကြားခဲ့ပါတယ်။

လူဘဝသက်တမ်းတစ်လျှောက် ရေချိုသဲတွင်းထဲကနေ သောက်ရေရတယ်၊ ချိုးရေနဲ့ ဆေးကြောဖို့အတွက် မြစ်ရေရှိပြီးနေထိုင်ခဲ့တဲ့ ဆရီဝါတီလို အမျိုးသမီးတွေ၊ မိသားစုတွေအဖို့ အခုအချိန်မှာ သောက်သုံးရေကို ငွေကြေးနဲ့ ဝယ်ယူနေရပြီး ရေတင်ကားတွေက ရေတေတဲ့အခါမှာလည်း နေပူထဲမှာ ကြိုတန်းစီပြီးစောင့်နေကြရတာပါ။ ရေက အရင်လို အလွယ်တကူရရှိတဲ့ သဘာဝအရင်းအမြစ် မဟုတ်တော့ဘဲ နေ့စဉ် အသုံးပြုဖို့ရှာနေရတဲ့ အဖိုးတန်ပစ္စည်း ဖြစ်လာရတာပါ။

အဲဒီလိုအခြေအနေက အင်ဒိုနီးရှားဘော်နီယိုကျွန်းမှာတင်မကပါဘူး။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းတဲ့ပုံစံပြောင်းလဲတာ၊ အပူချိန်မြင့်တက်တာနဲ့ မြစ်ချောင်းတွေနဲ့ ရေလှောင်ကန်တွေမှာ ရေသိုလှောင်မှုလျော့နည်းလာခြင်းကို ကမ္ဘာ့ဒေသအများအပြားမှာ ကြုံနေရတာ ဖြစ်ပါတယ်။

စူပါအယ်လ်နီညိုဆိုတာ

အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ ပင်လယ်ရေမျက်နှာပြင် အပူချိန် ပုံမှန်ထက် မြင့်တက်လာခြင်းနဲ့ ဆက်စပ်တဲ့ သဘာဝရာသီဥတုဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ အဲဒါက ကမ္ဘာ့လေထုလည်ပတ်မှုပုံစံကို ပြောင်းလဲစေပြီး ဒေသအလိုက် မိုးရွာသွန်းမှုပုံစံ၊ အပူချိန်နဲ့ မုန်တိုင်းဖြစ်ပေါ်တာတွေ သက်ရောက်မှုရှိပါတယ်။ အယ်လ်နီညိုဖြစ်စဉ်က ပုံမှန်အားဖြင့် နှစ်အနည်းငယ်ခြား တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိပြီး ဖြစ်စဉ်ရဲ့ အားကောင်းမှုနဲ့ ကြာချိန်က တစ်ကြိမ်နဲ့တစ်ကြိမ် မတူညီပါဘူး။ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် အလွန်မြင့်တက်လာတဲ့အားပြင်းအယ်လ်နီညို ဖြစ်စဉ်ကို စူပါအယ်လ်နီညိုလို့ ခေါ်ကြပါတယ်။

သို့သော် အယ်လ်နီညို အားကောင်းတယ်ဆိုတိုင်း ကမ္ဘာ့နိုင်ငံအားလုံးမှာ မိုးခေါင်မယ်လို့ တရားသေ မတွက်ယူသင့်ပါဘူး။ အချို့ဒေသတွေမှာ မိုးနည်းနိုင်ပေမယ့် အချို့ဒေသတွေမှာ မိုးများပြီး ရေကြီးနိုင်တာမို့ နိုင်ငံတစ်ခုချင်းစီအလိုက် မိုးလေဝသခန့်မှန်းချက်တွေကို အမြဲစောင့်ကြည့်ကြိုတင်ပြင်ဆင်ဖို့လိုပါတယ်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရဲ့ ရေရှားပါးမှုဆိုင်ရာ လေ့လာချက်တွေမှာ ရေရှားပါးမှုကြောင့် အမျိုးသမီးတွေနဲ့ ကလေးတွေ ပိုမိုထိခိုက်ခံစားရနိုင်တယ်လို့ ဖော်ပြထားပါတယ်။ အချို့ဒေသတွေမှာ အိမ်အတွက် သောက်သုံးရေ ရှာဖွေရလို့ ကျောင်းတက်ချိန်တွေပါ ထိခိုက်လာနိုင်တယ်လို့ ဆိုထားပါတယ်။ သောက်သုံးရေရှားပါးရင် မသန့်ရှင်းတဲ့ ရေအရင်းအမြစ်တွေကို အသုံးပြုလာနိုင်လို့ ဝမ်းပျက်ဝမ်းလျှောနဲ့ ရောဂါတစ်ဆင့်ကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ပါတယ်။ သန့်ရှင်းရေးနဲ့ မိလ္လာစနစ်တွေမှာ ရေမလုံလောက်ရင် ရောဂါကူးစက်ဖြစ်ပွားဖို့ လွယ်ကူစေပါတယ်။

မြို့ပြမှာ ရေချွေတာရေးကို ဘယ်လိုဆောင်ရွက်ကြမလဲ

မြို့ပြဒေသတွေမှာ လူဦးရေထူထပ်တာ၊ အဆောက်အအုံများပြားတာနဲ့ နေ့စဉ် ရေသုံးစွဲမှုများပြားတာကြောင့် ရေပေးဝေရေးစနစ်အပေါ် ဖိအားတွေ ရှိလာနိုင်ပါတယ်။ ရေပေးဝေရေးစနစ်ကနေ ရေပိုစိမ့်ဆုံးရှုံးမှုတွေ၊ အိမ်တွင်းရေသုံးစွဲမှု အလေအလွင့်တွေနဲ့ မြေအောက်ရေအပေါ် အလွန်အကျွံမှီခိုမှုတွေကို လျှော့ချနိုင်မှသာ ရေအရင်းအမြစ်တွေကို ရေရှည်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

မြို့ပြနေအိမ်ထောင်စုတွေအနေနဲ့ အိမ်တွင်းရေပိုက်၊ ရေပိုက်ခေါင်းတွေနဲ့ ရေသိုလှောင်ကန်တွေ ရေယိုစိမ့်မှုကိုတွေ့ရှိရင် ချက်ချင်းပြုပြင်ခြင်းက အလွယ်ကူဆုံး ရေချွေတာနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒုံအပြင် ဘုံဘိုင်ကနေ ရေအသုံးပြုရာမှာ အချိန်အကြာကြီးဖွင့်မထားဘဲ လိုအပ်သလောက် အနည်းငယ်ဖွင့်ပြီး ချွေတာသင့်ပါတယ်။ အိမ်သန့်ရှင်းရေး၊ ကားနဲ့ဆိုင်ကယ်တွေ ဆေးကြောတဲ့အခါ ရေပိုက်အသုံးပြုတာထက် ရေပုံးနဲ့အဝတ်ကို အသုံးပြုတာ၊ ပန်းပင်တွေရေလောင်းတဲ့အခါ ရေငွေ့လွယ်လွယ်မပျံနိုင်တဲ့ နံနက်စောစော ရေလောင်းတာမျိုးနဲ့ ချွေတာနိုင်ပါတယ်။

မြို့ပြအိမ်ရာတွေနဲ့ တိုက်နန်းတွေမှာ ရေသိုလှောင်ကန်တွေကို အဖုံးလုံအောင်ဖုံးတာ၊ ရေတိုင်ကီရေလျှံမှုကို အလိုအလျောက် ထိန်းချုပ်စနစ်သုံးတာနဲ့ နေထိုင်သူတွေစုပေါင်းပြီး ရေချွေတာရေးစည်းကမ်းချက်တွေချမှတ်တာမျိုး လုပ်ဆောင်နိုင်ပါတယ်။ ဒုံအပြင် အိမ်ခေါင်မိုးကနေ မိုးရေကို ရေတံလျှောက်ထားပြီး ရေသိုလှောင်ကန်ထဲ ထည့်သွင်းတာမျိုး ဆောင်ရွက်ထားသင့်ပါတယ်။

ကျေးလက်မှာ ရေအရင်းအမြစ်ကို ဘယ်လိုထိန်းသိမ်းကြမလဲ

ကျေးလက်ဒေသတွေမှာ ရေအရင်းအမြစ်ဆိုတာ ရပ်ရွာလူထုရဲ့ နေ့စဉ်ဘဝနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြစ်နဲ့ မိုးရေကို အားကိုးနေရတဲ့ ကျေးရွာတွေက ရေအရင်းအမြစ်ကို စနစ်တကျ စစ်ဆေးထိန်းသိမ်းထားဖို့လိုပါတယ်။ မိမိကျေးရွာမှာရှိတဲ့ ရေအရင်းအမြစ်စာရင်းကို ပြုစုထားခြင်းဖြင့် ရေတွင်း၊ ရေကန်၊ ရေသန့်စက်၊ ရေစုပ်စက်၊ ရေပေးဝေရေးပိုက်လိုင်း စတာတွေကို ဘယ်အချိန်၊ ဘယ်ကာလမှာ ဘာကို အားကိုးရမလဲဆိုတာမျိုး၊ ဘယ်နေရာမှာ ပြုပြင်ထိန်းသိမ်းရမလဲဆိုတာမျိုးကို ကြိုတင်ပြင်ဆင်ကြဖို့ လိုပါတယ်။

အခုလို မိုးအကုန်တွင် တစ်ကြိမ်၊ မိုးမကျမီ တစ်ကြိမ် ကျေးရွာရေကန်တွေနဲ့ ရေသိုလှောင်ကန်တွေကို သန့်ရှင်းရေးပြုလုပ်တာ၊ ရေကန်တွေက အမှိုက်တွေနဲ့ အရွက်ခြောက်တွေကို ဖယ်ရှားတာနဲ့ ရေကန်ဝန်းကျင်ကို သန့်ရှင်းစွာထားရှိတာတွေကို ဆောင်ရွက်ခြင်းကနေ ရေအရည်အသွေးနဲ့ သိုလှောင်နိုင်မှုပမာဏကို ထိန်းသိမ်းရာမှာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။ ရေတွင်းတွေနဲ့ ရေစက်တွေကိုလည်း စနစ်တကျ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ရေတွင်းအနီးမှာ အမှိုက်စွန့်တာ၊ တိရစ္ဆာန်အညစ်အကြေးစုပုံတာနဲ့ မိလ္လာကန်ထားရှိတာတွေကို ရှောင်ကြဉ်ပြီး ရေအရည်အသွေးကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းမှာ ရေကို အကျိုးရှိရှိအသုံးပြု

စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ရေကို အလဟဿ မဆုံးရှုံးစေဖို့ ရေသွင်းစနစ်တွေကို စစ်ဆေးပြုပြင်ခြင်း၊ ရေယိုစိမ့်မှုများကို တားဆီးခြင်းနဲ့ သီးနှံအမျိုးအစားအလိုက် လိုအပ်တဲ့ ရေပမာဏကိုသာ အသုံးပြုခြင်းတို့ကို ဆောင်ရွက်သင့်ပါတယ်။ ဖြစ်နိုင်သည့် နေရာတွေမှာ ရေစက်ချစနစ်လို ရေကို အပင်ရဲ့ အမြစ်ပိုင်းဆီ တိုက်ရိုက်ပေးပို့နိုင်တဲ့ နည်းလမ်းကို အသုံးပြုခြင်းကနေ ရေဆုံးရှုံးမှုကို လျှော့ချနိုင်ပါတယ်။ ထို့အတူပဲ ရေဖျန်းစနစ်တွေကိုလည်း သီးနှံနဲ့ မြေအမျိုးအစားအလိုက် အသုံးပြုနိုင်သလို အပင်ခြေ မြေပြင်ပေါ်မှာ ကောက်ရိုး၊ သစ်ရွက်ခြောက်နဲ့ သင့်လျော်တဲ့ အပင်အကြွင်းအကျန်တွေကို ဖုံးအုပ်ထားခြင်းနဲ့ မြေဆီလွှာအစိုဓာတ်ကို ထိန်းသိမ်းနိုင်ပါတယ်။

မွေးမြူရေးလုပ်ငန်းမှာ ရေကို စနစ်တကျသုံးစွဲပါ

မွေးမြူရေးလုပ်ငန်းတွေမှာ ရေက တိရစ္ဆာန်တွေ သောက်သုံးဖို့သာမက ခြံသန့်ရှင်းရေးနဲ့ အစာပြင်ဆင်ရေးတို့မှာလည်း လိုအပ်ပါတယ်။ အပူချိန်မြင့်တက်ပြီး ရေရှားပါးလာတဲ့အခါ တိရစ္ဆာန်တွေအတွက် သန့်ရှင်းတဲ့ရေ လုံလောက်စွာရရှိရေးကို ကြိုတင်စီစဉ်ထားကြရမှာဖြစ်ပါတယ်။ ရေသောက်ခွက်တွေနဲ့ ရေသိုလှောင်ကန်တွေမှာ ရေယိုစိမ့်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးတာ၊ သောက်ရေခွက်တွေကို သန့်ရှင်းစွာထားတာနဲ့ ရေကို လိုအပ်သလောက်သာ ဖြည့်ပေးနိုင်ဖို့ လေ့ကျင့်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

သိုလှောင်ရုံသာမက သန့်ရှင်းစွာ ထိန်းသိမ်းပါ

ရေရှားပါးမှုအတွက် ကြိုတင်ပြင်ဆင်ရာမှာ ရေကို စုဆောင်းသိုလှောင်ထားခြင်းက အရေးကြီးသလို သိုလှောင်ထားတဲ့ရေကို သန့်ရှင်းစွာထိန်းသိမ်းခြင်းကလည်း အလွန်အရေးကြီးပါတယ်။ မိုးရေ၊ ရေတွင်းရေနဲ့ အခြားရေအရင်းအမြစ်တွေက ရေကို သောက်သုံးမယ်ဆိုရင် ရေအရည်အသွေးကို စစ်ဆေးထားဖို့ လိုအပ်သလို သန့်ရှင်းတဲ့ ပုံး၊ အိုး၊ ကန်တွေကို အသုံးပြုရမှာဖြစ်တဲ့အပြင် ရေကို လက်နဲ့နို့က်ယူတာ၊ မသန့်ရှင်းတဲ့ခွက်နဲ့ ခပ်ယူတာမျိုး ရှောင်ကြဉ်သင့်ပါတယ်။

ရပ်ရွာအလိုက် ပူးပေါင်းဆောင်ရွက်မှ ထိရောက်မယ်

ရေချွေတာရေးဆိုတာ လူတစ်ဦးချင်းစီရဲ့ တာဝန်ဖြစ်သကဲ့သို့ မိသားစု၊ ရပ်ကွက်၊ ကျေးရွာနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကလည်း လိုအပ်ပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာတွေမှာ ရေသုံးစွဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်တာ၊ ရေချွေတာရေးဆိုင်ရာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာနဲ့ ကျောင်းတွေမှာ ကလေးငယ်တွေကို ရေရဲ့တန်ဖိုးကို သိရှိနားလည်စေဖို့ ပညာပေးနေတာတွေကို ယခုရက်ပိုင်းမှာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြပါတယ်။

အဲဒီလိုပဲ ရေရှားပါးတဲ့ဒေသတွေမှာ ရေသုံးစွဲမှုကို စနစ်တကျရှိစေဖို့ စီမံခန့်ခွဲမှုက အရေးကြီးပါတယ်။ အထူးသဖြင့် ရေအရင်းအမြစ်တစ်ခုတည်း ဒါမှမဟုတ် အနည်းငယ်ကိုပဲ အားကိုးနေရတဲ့ ရပ်ရွာတွေအနေနဲ့ အခြားအရန် ရေအရင်းအမြစ်တွေကို ကြိုတင်ရှာဖွေထားတာ၊ ရောယှယူပို့ဆောင်ရေးအစီအစဉ်တွေ ကြိုတင်ချမှတ်ထားတာ၊ အရေးပေါ်အခြေအနေမှာ ရေကို မျှဝေသုံးစွဲနိုင်မယ့် စနစ်တစ်ခု ကြိုတင်တည်ဆောက်ထားတာတွေကို ရေမရှားမီ ကာလကတည်းက ဆောင်ရွက်သင့်ပါတယ်။

စာမျက်နှာ ၇ သို့

အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ်နှင့် အစိမ်းရောင်စက်မှုလုပ်ငန်း ရက်သတ္တပတ် - ၂၀၂၆ ဖိုရမ် ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO)က ကြီးမှူး၍ အရင်းအမြစ် ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ်နှင့် အစိမ်းရောင်စက်မှုလုပ်ငန်း ရက်သတ္တပတ် -၂၀၂၆ ဖိုရမ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ဗီယင်နာ အပြည်ပြည်ဆိုင်ရာစင်တာ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် Virtual စနစ်ဖြင့် ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်သည်။



ဖိုရမ်ကို **'အနာဂတ်စက်မှုကဏ္ဍကို အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်ပြီး သန့်ရှင်း၍ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ပုံဖော်ခြင်း'** (Shaping the Future of Industry: Circular, Cleaner, Competitive) ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ဖိုရမ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဩစတြီးယားနိုင်ငံ၊ ဆူရာနမိန်နိုင်ငံ၊ အာမေနီယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဂါနာနိုင်ငံတို့မှ စက်မှုကဏ္ဍနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများက UNIDO ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အရင်းအမြစ်ပြန်လည်အသုံးပြုနိုင်သော စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲရေး၊ ရန်ပုံငွေ ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများ၏ ဦးဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ချိတ်ဆက် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အတွင်း ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ဓာတုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှု၊ အထည်အလိပ်၊ အီလက်ထရောနစ်၊ ဆောက်လုပ်ရေး၊ ပလတ်စတစ် စသည့် ကုန်ထုတ်လုပ်ငန်းများ၏ စက်မှုဆိုင်ရာကွင်းဆက်များအလိုက် အသေးစိတ်ဆွေးနွေးပွဲများ၊ အိမ်ရှင်ဩစတြီးယားနိုင်ငံ၏ စက်မှုဆိုင်ရာမူဝါဒနှင့် နည်းပညာ အတွေ့အကြုံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ အကြား မူဝါဒများ တည်တည်ကြွတ်တည်းဖြစ်စေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ရေ့ဆက်လက် ဆောင်ရွက်သွားမည့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် သဘောတူညီမှုရယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကျောဖုံးမှ

များကို မလျှော့သော ခွဲ၊ လုံလများဖြင့် အားသွန်ခွန်စိုက် ကြိုးစားယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး တက်ဂ်ဘောအားကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် အုပ်စုပွဲစဉ်များတွင် ပြင်သစ်အသင်း၊ လက်ဘန္ဓန်အသင်းနှင့် အိန္ဒိယအသင်းတို့မှ အားကစားသမားအတွဲများကို ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး အုပ်စုပွဲစဉ် တစ်ဆင့်ပြီးတစ်ဆင့် တွင် ရှရှားနိုင်ငံနှင့် မော်လ်ဒိုဗာနိုင်ငံတို့မှ အားကစားသမားအတွဲများကို လည်း ထပ်မံအနိုင်ရရှိကာ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် အုပ်စုပွဲစဉ် နောက်ဆုံးအဆင့်တွင် ဟန်ဂေရီအသင်းနှင့် ပေါ်တူဂီအသင်းတို့မှ အားကစားသမားအတွဲများကို ထပ်မံအနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်(အကြိုဗိုလ်လုပွဲ)အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်(အကြိုဗိုလ်လုပွဲ)ပွဲစဉ်တွင် Teqball ကမ္ဘာ့အဆင့်သတ်မှတ်ချက် နံပါတ်(၁)ရှိသည့် ထိုင်းနိုင်ငံ၏ Women's Doubles အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းမှ ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲအနေဖြင့် တတိယဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာတက်ဂ်ဘောအဖွဲ့ချုပ်အနေဖြင့် ယခုအောင်မြင်မှုသည် ကမ္ဘာ့အဆင့်ထိပ်တန်းနိုင်ငံများမှ တက်ဂ်ဘောအားကစားသမားများနှင့် ယှဉ်ပြိုင်နိုင်ခဲ့သည့်အပြင် မြန်မာ့လက်ရွေးစင် အမျိုးသမီး တက်ဂ်ဘောကစားသမားများ၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတကာအဆင့် ယှဉ်ပြိုင်နိုင်စွမ်းများကို ဖော်ထုတ် ပြသနိုင်ခဲ့သည့် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကျောဖုံးမှ

တောင်ဒဂုံကွင်း၌ ရတနာပုံအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် ပွဲချိန် ၃၅ မိနစ်(ပထမယ်ဝက်)နှင့် ၇၇ မိနစ်တွင် ပိုင်သက်ဦး၊ ၃၇ မိနစ်တွင် မျိုးသူလွင်တို့က ဦးဆောင်ဂိုးများသွင်းယူခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ဇော်လင်းအောင် (၄၅+၁)မိနစ်၊ မင်းထက်သာ ၄၈ မိနစ်၊ စိုးမောင်မောင် ၆၁ မိနစ်နှင့် ၈၇ မိနစ်တို့တွင် အနိုင်ဂိုးများ သွင်းယူခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက Galaxy အသင်းကို ပွဲချိန် ၄၆ မိနစ်တွင် ကျော်သီဟ သွင်းယူခဲ့သော တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းသည် ယနေ့နိုင်ပွဲကြောင့် ရမှတ် ၅၂ မှတ်ဖြင့် ထိပ်ဆုံးနေရာ၌ ဆက်လက်ရပ်တည်ခဲ့သည်။

အပတ်စဉ်(၂၂) ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၃ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်စီးတီး(သီဟဒီပကွင်း)၊ သစ္စာအားမာန်နှင့် ချင်းလန်းအသင်း(တောင်ဒဂုံကွင်း)တို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML



စာမျက်နှာ ၆ မှ

ရေရှိစဉ်ကတည်းက ချွေတာထားရန်လို

ရေရှားပါးလာချိန်မှာ ရေချွေတာရေးကို စတင်လုပ်ဆောင်တာထက် ရေရှိနေစဉ်ကတည်းက စနစ်တကျ ချွေတာသုံးစွဲခြင်းက ပိုမိုထိရောက်စေတဲ့ ရေချွေတာရေးစနစ်ဖြစ်ပါတယ်။ ရေမရှိမှ ရေကို ခြိုးခြံတာထက် လိုအပ်တဲ့နေရာမှာ လိုအပ်တဲ့ ပမာဏကိုသာ အသုံးပြုပြီး အလဟဿဆုံးရှုံးမှု မဖြစ်စေဖို့ ကြိုတင်လေ့ကျင့်ထားကြရမယ်လို့ ကျွမ်းကျင်သူတွေက အဆိုပြုထားပါတယ်။ လက်ရှိမှာ ကမ္ဘာ့နိုင်ငံတွေအားလုံးနီးပါး ရေရှားပါးမှုကို ရင်ဆိုင်နိုင်ဖို့ မိုးရေစုဆောင်းတာ၊ ရေယိုစိမ့်မှုကို ကာကွယ်စစ်ဆေးတာ၊ ရေကို အကျိုးရှိရှိ အသုံးပြုနိုင်မယ့် စိုက်ပျိုးနည်းစနစ်တွေ အသုံးပြုတာအပြင် လူထုကို ရေချွေတာရေးပညာပေးမှုတွေကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

အမှန်တကယ်အားဖြင့်တော့ ရေရှားပါးတာကို တားဆီးဖို့ မိုးရွာတာနဲ့ မြစ်ချောင်းတွေ ရေမခန်းခြောက်အောင် တားဆီးထိန်းချုပ်တာမျိုး လူသားတွေ မလုပ်နိုင်ပါဘူး။ မလွန်ဆန်နိုင်တဲ့ သဘာဝတရားကြီးကို ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ လူသားတွေ ကောင်းကောင်းလုပ်ကိုင်နိုင်တာမို့ ရရှိထားတဲ့ရေကို ဘယ်လိုသုံးစွဲမလဲ၊ ဘယ်လို သိုလှောင်မလဲ၊ ဘယ်လိုထိန်းသိမ်းကြမလဲဆိုတာကို လူအများစုက တစ်ပြိုင်နက်တည်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ရှိနှင့်ပြီးသား ရေအရင်းအမြစ်တွေကို ထိန်းသိမ်းရာမှာ အကျိုးရှိစေမှာ ဖြစ်ပါတယ်။

ဒီကနေ့ ရေတစ်ခွက်ကို ချွေတာလိုက်ခြင်းက မနက်ဖြန်အတွက် ရေတစ်ခွက်ကို ထိန်းသိမ်းထားသလို ယနေ့ ရေအရင်းအမြစ်ကို မထိန်းသိမ်းနိုင်ခဲ့ရင် မနက်ဖြန်အတွက် ရေတစ်ခွက်ရရှိဖို့ အခြေခံ၊ ငွေနဲ့ အားအင်တွေများစွာ ပေးဆပ်ကြရနိုင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်က ရေရှားပါးမှုကြုံနေရတဲ့ မိသားစုတွေရဲ့ သင်ခန်းစာက ရေရှိနေစဉ်မှာ ရေကို တန်ဖိုးထားကြဖို့ သတိပေးနေတဲ့ သင်ခန်းစာတစ်ရပ်ပါ။ ရေက သဘာဝကပေးထားတဲ့ အရင်းအမြစ်ဖြစ်ပေမယ့် အကန့်အသတ်ရှိတဲ့ အရာဖြစ်ပါတယ်။

ဒါကြောင့် အယ်လ်နီညိုဖြစ်စဉ်နဲ့ ရာသီဥတုပြောင်းလဲမှုတွေရဲ့ အကျိုးဆက်တွေကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့ ရေအရင်းအမြစ်တွေကို ထိန်းသိမ်းတာ၊ ရေကို အလေအလွင့်မရှိအောင် ချွေတာတာနဲ့ ရပ်ရွာအလိုက် ပူးပေါင်းဆောင်ရွက်တာတွေကို ယနေ့ကစလို့ အလေးထား လုပ်ဆောင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။



ကိုးကား-

(၂၀၂၆၊ အောက်တိုဘာ ၁) — အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းရှိ ကျေးရွာများတွင် ရေရှားပါးမှု ဖြစ်ပေါ်နေသည့် သတင်း။ Indonesian villagers on Borneo struggle for water

World Meteorological Organization (၂၀၂၆၊ စက်တင်ဘာ ၃) — အားပြင်းအယ်လ်နီညို ဖြစ်စဉ်နှင့် ကမ္ဘာ့ရာသီဥတုအပေါ် သက်ရောက်မှု။ El Nio set to become very strong

World Resources Institute (၂၀၂၆၊ ဩဂုတ် ၂၈) — စူပါအယ်လ်နီညို၏ ရေ၊ စားနပ်ရိက္ခာနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု။ How Might a Super El Nio Affect Food, Forests and Water?

UNICEF — ကမ္ဘာ့ရေရှားပါးမှုနှင့် ကလေးများအပေါ် သက်ရောက်မှု။ Water Scarcity

UNDRR — အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး။ El Nio and Disaster Risk Reduction

---

ရေသည် အသက် ရေအသက်တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

❑ *ကျောဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆု၏ **မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော ပြည်တွင်းယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီဖြေရှင်းပေးရန် စီမံထားရှိသည်ကို** သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ယာယီနေရပ်စွန့်ခွာ အမျိုးသမီးများ ရွှေ့ပြောင်းနေထိုင်ရသူများအတွက် လိုအပ်သော မိခင်နှင့် မျိုးဆက်ပွားဆိုင်ရာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို အခြားအမျိုးသမီးများနည်းတူ ခွဲခြားဆက်ဆံမှု မရှိစေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၌ National Sexual and Reproductive Health Policy တွင် ထည့်သွင်းထားသည်နှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်း။

အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေကဏ္ဍတွင် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် အခြားအရေးပေါ်အခြေအနေများအတွင်း ထိခိုက်ခံစားလွယ်သည့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီး ပိုမိုကောင်းမွန်သော လူမှုဘဝရရှိနိုင်စေရေးနှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းအစီအစဉ်များအားထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဏ္ဍအရေးဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်သူများအပေါ် နည်းမျိုးစုံနှင့်အကြမ်းဖက်မှုမှ လျော့ကျကင်းဝေးစေရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့်ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားနိုင်ရန် ယခင်ကလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်တွင် ၂၄ နာရီ Helpline တယ်လီဖုန်းနံပါတ် “၁၅၆၆” ဝန်ဆောင်မှုကို တည်ထောင်ထားရှိပြီး တိုင်ကြားလာမှုများကို Case Manager များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာဝန်ကြီးဌာနအောက်တွင် Helpline တယ်လီဖုန်းနံပါတ် “၁၅၄၄” ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သဖြင့် “၁၅၄၄” သို့ တိုင်ကြားလာသည့်ဖြစ်ရပ်အပြင် “၁၅၆၆” သို့ တိုင်ကြားလာပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လာသည့် ဖြစ်ရပ်များကိုလက်ခံကာ ဥပဒေအရစီစစ်အရေးယူဆောင်ရွက်နိုင်ရေး Service Provider များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ငွေကြေးထောက်ပံ့မှုအနေဖြင့် တရားရင်ဆိုင်ခရီးစရိတ်၊ ပြန်လည်ရပ်တည်ရန်စရိတ်၊ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် ထောက်ပံ့မှုစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် အကြမ်းဖက်ခံရသူများအတွက် မိသားစု၊ ပတ်ဝန်းကျင်မှ လုံခြုံမှုမပေးနိုင်ပါက “အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ” (One Stop Women Support Center-OSWSC) ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လွိုင်ကော်၊ လားရှိုး၊ မုံရွာ၊ စစ်တွေတို့တွင် ဖွင့်လှစ်ထားရှိပြီး နည်းမျိုးစုံဖြင့်အကြမ်းဖက်ခံရပြီး ယာယီလုံခြုံမှုလိုအပ်သည့် အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များကို လက်ခံစောင့်ရှောက်၍ ရုပ်ပိုင်း/စိတ်ပိုင်း ဆိုင်ရာ လုံခြုံမှုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တရားရေးဆိုင်ရာ ချိတ်ဆက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း စသည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါစင်တာများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲထားရှိပြီး ယင်း Guideline နှင့်အညီ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် OSWSC များ တိုးချဲ့ဖွင့်လှစ်ခိုင်းရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း ယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများလုံခြုံရေးအတွက် ယာယီခိုလှုံရာနေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများကို လူမှုကွန်ရက်မှတစ်ဆင့် မက်လုံးပေးစည်းရုံး၍ ပြည်ပနိုင်ငံများသို့ လိမ်လည်ပို့ဆောင်နေမှုများအပေါ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းဖော်ထုတ်ရရှိမှုများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုများဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သည်ဖြစ်ဒဏ်ရာရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်းယာယီနေရပ်စွန့်ခွာ အမျိုးသမီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများအားလုံး၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ဘဝလုံခြုံရေးများကို ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနာသာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅)ဦးမိုးမြင့်၏ **မဟာဓာတ်အားလိုင်းမရောက်ရှိသော သဘာဝဓာတ်ငွေ့ထွက်ရှိပြီး သုံးစွဲခွင့်မရသောပြည်သူများ လျှပ်စစ်ဓာတ်အားခသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် တနာသာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်၊ ကော့သောင်းခရိုင်များသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဒီဇယ်နှင့် ချောဆီ၊ အင်ဂျင်ပိုင်များကို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရောင်းချပေးပါက မည်ကဲ့သို့ ဖြန့်ဖြူးရောင်းချပေးမည်ကို** သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တနာသာရီတိုင်းဒေသကြီးရှိ ထားဝယ်ခရိုင်၌ စက်သုံးဆီအရောင်းဆိုင် ၁၉ ဆိုင်၊ မြိတ်ခရိုင်၌ ၁၅ ဆိုင်၊ ကော့သောင်းခရိုင်၌ ၇ ဆိုင် စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် ၄၁ ဆိုင်ရှိပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍလုပ်ငန်းများအနေဖြင့် တနာသာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် နယ်စပ်နှင့် ပင်လယ်ရေကြောင်းတို့မှ တင်သွင်းသည့် စက်သုံးဆီများကို ရောင်းချလျက်ရှိပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် တနာသာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ဒေသခံပြည်သူများ ဓာတ်အားခစျေးနှုန်းချိသာစွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ်ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) မှ ထုတ်လုပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများအား ဌာနဆိုင်ရာအချင်းချင်း ရောင်းစျေးနှုန်းဖြင့် တနာသာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ လစဉ်ရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တနာသာရီတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် လိုအပ်သောစက်သုံးဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တင်သွင်းခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဒေသများအလိုက် တင်သွင်းခွင့်ပြုထားသော ကုမ္ပဏီများထံမှ သင့်တင့်မျှတသော စျေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ပါကြောင်း၊ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့များတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန်အတွက် လိုအပ်သော ပြည်တွင်းထုတ်ဒီဇယ်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလိုပါက တနာသာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားသွားရန် ဖြစ်ပါကြောင်းနှင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနာသာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနာသာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြို့နယ်စုပေါင်းရုံးအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)တွင် သင်တန်းသားများ လက်ခံစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောလုံခြုံရေးအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းဇော်လွင်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)၏ ဝန်ထမ်းအင်အားဖွဲ့စည်းပုံသည် ခွင့်ပြုအင်အား အရာထမ်း သုံးဦး၊ အမှုထမ်း ၂၈ ဦး စုစုပေါင်း ၃၁ ဦးဖြစ်ပြီး ခန့်အပ်အင်အားသည် အရာထမ်း တစ်ဦး၊ အမှုထမ်း ခြောက်ဦး စုစုပေါင်း ခုနှစ်ဦး ဖြစ်သဖြင့် စခန်းဖွဲ့စည်းပုံ လူအင်အား၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း (မြိတ်) သို့ ၂၀၂၀ ပြည့်နှစ် စခန်းဖွင့်ချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်အရ ငွေစာရင်းဖွင့်လှစ် ရန်ပုံငွေလွှဲအပ်လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် တနာသာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)၌ သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ရာတွင် လိုအပ်ချက်များ စီစစ်ပုံပိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီပါက ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်) အတွက် ဖြည့်ဆည်းမှုများအား လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်းပြီး မူးယစ်ဆေးဖြတ်ရန် အမှန်တကယ်လိုအပ်သော လူငယ်ဦးရေကို စစ်တမ်းကောက်ယူခြင်း၊ ဆေးဖြတ်စခန်းဖွင့်လှစ်နိုင်ရန်အတွက် ရေးဦးစွာ လက်ရှိတည်ရှိနေသော အဆောက်အအုံတွင် လုံခြုံရေးဆိုင်ရာ သံပန်းများ တပ်ဆင်ခြင်း၊ အဆောက်အအုံပတ်ဝန်းကျင်တွင် လက်ရှိသံဆန်ခါတပ်တိုင်းအစား အုတ်တံတိုင်း တည်ဆောက်နိုင်ရေးအတွက် အသေးစိတ်တွက်ချက်ကာ နီးစပ်ရာဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထည့်သွင်းတည်ဆောက်လျာထားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရေဝေတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးအောင်တင်မြင့်၏ **ရေဝေတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၇) ရပ်ကွက် ဘဲဂရက်ကျေးလက် ကျန်းမာရေးဌာန(ခွဲ) ကိုယ်ထူကိုယ်ထ အဆောက်အအုံမှာ ပျက်စီးယိုယွင်းနေပါသဖြင့် စံကိုက် ကျေးလက် ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက ရေဝေတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ဘဲဂရက်ကျေးလက် ကျန်းမာရေးဌာနခွဲသည် တကှန်းကြီးကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး (၂၀၂၄)ခုနှစ်ကတည်းက အလျဂျင် လျုဒါခိန်းခဲ့သော မြေနေရာပေါ်တွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်လျုဒါခိန်းခဲ့သည့် ဓနိန့်သွပ်မိုး၊ ဝါးဘိုး ဝါးတိုင်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်ပါကြောင်း၊ အဆောက်အအုံသည် အိုဟောင်းပြီးကြွံခိုင်မှုအားနည်းနေပြီဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာသည် ကွင်းအမှတ် (၁၇၅- B)၊ ဦးပိုင်အမှတ် (၁၂၀/၄၈) အလျား ပေ ၁၀၀၊ အနံပေ ၁၀၀၊ (၀ ဒသမ ၂၃)ဧကရှိမြို့မြေအမျိုးအစားဖြစ်ပြီး ကျန်းမာရေးဌာန အမည်ပေါက် ပုံစံ(၁၀၅)/(၁၀၆) ရရှိပြီးဖြစ်ပါကြောင်း။

သို့ပါ၍ အဆိုပါမြေနေရာပေါ်တွင် စံကိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်သည့် ဆေးခန်းအဆောက်အအုံစံလုံး၊ (၂)ခန်း တွဲ ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရန် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇေ၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းတိုက်နယ်၊ မြင်ကွန်း ကျေးရွာအုပ်စုရှိ ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် မြင်ကွန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်နှင့် ရှိပါက မည်သည့်ကာလအတိုင်းအခြားတွင် ဆောင်ရွက်ပေးမည်ကို** သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက မြင်ကွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး ၎င်းအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခုဖြင့် ကျေးရွာ ၂၄ ရွာ လူဦးရေစုစုပေါင်း ၂၈၃၄၂ ဦးအား လက်ထောက်ကျန်းမာရေးမှူး ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

လူနာများ လွှဲပြောင်းပေးပို့ကုသရန်လိုအပ်ပါက မကွေးပြည်သူ့ဆေးရုံကြီးနှင့် (၂၈) မိုင် သစ်ရာကောက်တိုက်နယ် ဆေးရုံနှင့် မိုင်(၂၀) မိကျောင်းရဲတိုက်နယ်ဆေးရုံနှင့် (၁၈) မိုင်ခန့် ကွာဝေးပါကြောင်း။

ပုံစံ(၁၀၅)/(၁၀၆) လျှောက်ထားဆဲဖြစ်သော မြင်ကွန်းတိုက်နယ်ဆေးရုံအတွက် လျာထားမြေနေရာသည် လုံလောက်သောအကျယ်အဝန်း ၄ ဧကရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပါက ပတ်ဝန်းကျင်ကျေးရွာမှ လူနာများ လာရောက်ပြသရေးလွယ်ကူမည်ဖြစ်ပြီး အတွင်းလူနာများပါ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြင်ကွန်းတိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ/မရှိ၊ နန်းလွဲကျေးရွာအုပ်စု မုံပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွဲပြဲ ချထားတည်ဆောက်ပေးရန် ရှိ/မရှိနှင့် ကျောက်တောကျေးရွာအုပ်စုတွင် ဗန်းမက်အပါအဝင် ရွာ(၉)ရွာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူရန်အတွက် ဗန်းမက်ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက ရပ်စောက်မြို့နယ် ရေဦးကျေးရွာတွင် အိမ်ခြေ ၂၀၆ အိမ်နှင့် လူဦးရေ ၈၄၈ ဦးရှိပြီး ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို အင်တောတိုက်နယ် ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းထားပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၁၄၁၈ နှင့် လူဦးရေ ၆၆၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲမှ ၁၅ မိုင် ကွာဝေးသော ရပ်စောက်ပြည်သူ့ဆေးရုံသို့ မော်တော်ကားဖြင့် ၄၅ မိနစ်ခန့်၊ ၆၁ မိုင်ကွာဝေးသော အင်တောတိုက်နယ်ဆေးရုံသို့ မော်တော်ကားဖြင့် ၃ နာရီခန့်သွားရပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်သော ကျေးရွာနှင့်လူဦးရေများပြားခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ရှိသည့်အတွက် သတ်မှတ်မြေအကျယ်အဝန်း ပိုင်ဆိုင်မှုရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာန၏ မြေနေရာ (၃ ဒသမ ၃၄)ဧကအား မြေစာရင်းပုံစံ (၁၀၅) မြေပိုင်ဆိုင်မှုရှိပါက ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းဌာနအောက်တွင် ဗန်းမက်နှင့် မုံပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ (အသစ်)များပါ ဖွင့်လှစ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်သူလူထု၏ **ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက်လျှော့ချကန့်သတ်နိုင်ရေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁၂) ဒေါ်ခင်ဆွေကတင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီး သည့်နောက်နှစ်ပေါင်းများစွာမပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ကြွေးရေလွှမ်မှုများ ဖြစ်စေခြင်း၊ ရောဂါပိုးမွှားများ အလွယ်တကူ ပေါက်ပွားနိုင်ခြင်းတို့ကြောင့် မြေဆီလွှာနှင့် ရေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်းအပြင် တိရစ္ဆာန်များ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်သမုဒ္ဒရာထဲရှိ အမှိုက်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်အမှိုက်များဖြစ်ပါကြောင်း။

အသုံးပြုပြီးသော စွန့်ပစ်ကြွပ်ကြွပ်အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါကြောင်း၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်သော စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာသည် တစ်ကမ္ဘာလုံးတွင် ရှိကြသည့် သဘာဝပတ်ဝန်းကျင် ပညာရှင်များနှင့် အစိုးရများရင်ဆိုင်တွေ့ကြုံနေရသည့် အရေးကြီး ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုများပြားလာသည်နှင့်အမျှ မြေထု၊ လေထု၊ ရေထုကို ညစ်ညမ်းစေပြီး ကမ္ဘာမြေ၏ ဂေဟစနစ်ကိုလည်း မတည်မငြိမ်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မြို့ရွာများသန့်ရှင်းလှပရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးယူဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း။

ပလတ်စတစ်ပစ္စည်းနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုများကိုလျှော့ချရန် အစားထိုးနည်းလမ်းများအဖြစ် အဝတ်အိတ်၊ စက္ကူအိတ်၊ ငှက်ပျောရွက်၊ ပေါက်ဖက်၊ အင်ဖက်စသည့် သဘာဝပစ္စည်းများ အစားထိုးအသုံးပြုနိုင်ပါကြောင်း၊ ပြည်သူများ၏ကျန်းမာရေး၊ ရောဂါကာကွယ်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်ခါသုံးကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် ကန့်သတ်လျှော့ချရန်၊ ဧဝပျက်စီးနိုင်သော အစားထိုးထုတ်ကုန်များနှင့် ပြန်လည်အသုံးပြုနိုင်သောအိတ်များကိုသုံးစွဲရေး အားပေးမြှင့်တင်ရန်၊ ပလတ်စတစ်အမှိုက် စနစ်တကျစီမံခန့်ခွဲရေးနှင့် ပြန်လည်အသုံးပြုရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများအကြား ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဥပဒေ နည်းဥပဒေများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆)(ပထမနေ့) ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၂

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပို)**

အစည်းအဝေးတွင်ကတိသစ္စာမပြုရသေးသည့် တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်သည်။

သဘောတူညီချက်ကိုရယူ

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂အရ အမည်စာရင်း ပေးပို့တင်သွင်းလာသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ်အစားထိုး ပြောင်းလဲတာဝန်ပေးသည့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်နယ်စီစီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီချက်ကိုရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်နယ်တရား လွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးပြီးဖြစ်သော ဒေါ်အေးအေးလှိုင်က ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလှက ရှမ်းပြည်နယ် စာကြည့်တိုက် ဥပဒေ (မူကြမ်း) အား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အဆိုပါစာကြည့်တိုက် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၂၆) (ပထမနေ့) ရပ်နားခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

နေပြည်တော်အခြေပြု Agro-based Industries များ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်အခြေပြု Agro-based Industries များအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်စေရေးအတွက် ညွှန်ကြားချက်များနှင့် လုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းဆောင်ရွက်သွားရန် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယမန်နေ့တွင် နေပြည်တော်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် နေပြည်တော် MSMEs အသင်းနှင့် တွေ့ဆုံစဉ် မှာကြားသည်။



ဆက်လက်၍ ပျဉ်းမနားမြို့ရှိ မိုးသီရိစီးပွားရေးလုပ်ငန်းစု၏ အထည်ချုပ်လုပ်ငန်းတွင် အထည်များ ချုပ်လုပ်နေမှု၊ E-Market စနစ်ဖြင့် ဈေးကွက်တိုက်ရိုက်ဖြန့်ဖြူးရောင်းချလျက်ရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ချုပ်လုပ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်ပေးပို့နိုင်ရေးဆောင်ရွက်ရန်၊ ပြည်တွင်း Agro-based Textile Industries လုပ်ငန်းများအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပိုမိုထိရောက်အောင်မြင်သည့် စီးပွားရေးလုပ်ငန်းစုကြီးအဖြစ် တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့ရှိ FDA အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် မိုးသူဇာမုန့်မျိုးစုံလုပ်ငန်း၌ မုန့်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခေတ်မီစက်ကိရိယာများဖြင့် စနစ်တကျထုတ်လုပ်နေမှု၊ အေလာမြို့ရှိ စက်မှုလယ်ယာပစ္စည်းများ ထုတ်လုပ်သည့် နေမင်းထွန်းမြေပဲနှင့် ပဲအမျိုးမျိုး ခွဲခြေလှေစက်လုပ်ငန်းနှင့် နေပြည်တော် ဒက္ခိဏာသိရီ စက်မှုဓနိရှိ လယ်ယာထွက်ကုန်များကို ထုပ်ပိုးရေးအတွက် Recycle ကုန်ကြမ်းများမှ ပီနံအိတ်ထုတ်လုပ်သည့် ရွှေသစ်ဆန်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

အလေးမအားကစားအဆင့်အတန်း ပိုမိုမြှင့်မြှိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ" ဖွင့်ပွဲ အခမ်းအနားကိုယနေ့တွင်နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုင်းထွန်းညီ၊ ဦးဖြူးဇော်စိုး၊ ဦးမျိုးကျော်သူ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအဂ္ဂါအေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အလေးမအားကစားသမား လူငယ်မောင်၊ မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အားကစားသမားကောင်းများ ဝိသမာ မိမိတို့တစ်ဦးချင်းစီ၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂုဏ်ကိုဖြင့်တင်စေးပြီး ပြိုင်ပွဲတွင် စံချိန်ကောင်းများရရှိစေရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် စံချိန်သစ်များတင်နိုင်မည့် လူငယ်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် လက်ရွေးစင်အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားကာ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အလေးမပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး (၆၉) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ရွှေရည်ဖူးက အမြန်မ စံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၇၇ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၈ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝင်းပပက အမြန်မ စံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၃၃ ကီလိုဖြင့် ဒုတိယ၊ ရခိုင်ပြည်နယ်အသင်းမှ သိရိဝင်းက အမြန်မစံချိန် ၅၃ ကီလို၊ နှစ်ဆင့်မစံချိန် ၇၃ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၆ ကီလိုဖြင့် တတိယ ရရှိခဲ့ကြသည်။



အမျိုးသား(၇၀)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေလွင်ဖြိုးက အမြန်မစံချိန် ၁၁၃ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၄၉ ကီလိုဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်ဓောဟိန်းက အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၁၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၁၁ ကီလိုဖြင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခေါက်ဆိုင်က အမြန်မ စံချိန် ၈၆ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၀၇ ကီလိုဖြင့် တတိယ ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီး အသင်း ရှစ်သင်း စုစုပေါင်းအင်အား ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

ဘိလိယက်နှင့်စနူကာ အားကစားအဆင့်အတန်း ပိုမိုမြှင့်မြှိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ"ကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဘူမိ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red, 9 Ball Pool, နှင့် ဘိလိယက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက မန္တလေးတိုင်းဒေသကြီးအသင်းမှ ကျော်ဝင်းလှိုင်ကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန်းဇော်ထွန်းက ကရင်ပြည်နယ်အသင်းမှ ကျော်မင်းထွန်းကို ရလဒ် သုံးပွဲ-တစ်ပွဲ ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ကန္တာလင်းက ကချင်ပြည်နယ်အသင်းမှ ကိုကိုအောင်ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ချင်းပြည်နယ်အသင်းမှ အာကာလင်းကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က မွန်ပြည်နယ်အသင်းမှ သက်မောင်မောင်ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးက ကရင်ပြည်နယ်အသင်းမှ စိုးသန့်ဇင်ကို ရလဒ် သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ကချင်ပြည်နယ်အသင်းမှ ကျော်ကျော်ကို ရလဒ် လေးပွဲ-သုံးပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းက ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးသိန်းကို ရလဒ် လေးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်နိုင်က မကွေးတိုင်းဒေသကြီးအသင်းမှ စိုင်းကိုကို ကို ရလဒ် လေးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ကရင်ပြည်နယ်အသင်းမှ သော်တာမင်းကို ရလဒ် လေးပွဲ-သုံးပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းကို ရလဒ် လေးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် အသင်းမှ



ဖိုးအိုက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ချစ်မိုးကို ရလဒ် လေးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းမှ အောင်မြင့်က ချင်းပြည်နယ်အသင်းမှ လွင်မိုးဦးကို ရလဒ် ခုနစ်ပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းကမိုး မိုင်းက မွန်ပြည်နယ် အသင်းမှ နေမင်းထွန်းကို ရလဒ် ခုနစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက ရှမ်းပြည်နယ်အသင်းမှ စိုင်စုစိုင်းကို ရလဒ် ခုနစ်ပွဲ-လေးပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သန်းထွန်းလွင်ကို ရလဒ် ခုနစ်ပွဲ-ငါးပွဲဖြင့်လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်း က မွန်ပြည်နယ် အသင်းမှ နေလင်းဦးကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဇော်လင်းနက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ဇင်မင်းကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်တိုင်းဒေသကြီးအသင်းမှ သီဟစိုးက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ တေဇာအောင်ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကို က ချင်းပြည်နယ်အသင်းမှ ခင်မောင်တင့်ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က ရှမ်းပြည်နယ်အသင်းမှ မြသက်မှူးကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ချစ်ရွှန်းလဲ့ကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်က ကချင်ပြည်နယ်အသင်းမှ နော်သက်မွန်ကျော်ကို ရလဒ် သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ ဆုပြည့်စုံကို ရလဒ် သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ခင်စန္ဒာလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ခင်ပိုင်းချစ်ကို ရလဒ် ငါးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်က ရှမ်းပြည်နယ်အသင်းမှ ခိုင်မာအောင်ကို ရလဒ် ငါးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းမှ မေချော်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကေဝိခိုင်ကို ရလဒ် ငါးပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီမှစတင်၍ "တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ" ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

▲ *ကျောဖုံးမှ*

အယ်ကာရက်ဓ်သည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် အေဘီဝီ ၅၀၀ အဆင့်ပြိုင်ပွဲများတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ၁၆ ပွဲဆက် နိုင်ပွဲရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ၎င်းသည် အေဘီဝီ ၅၀၀ အဆင့်ပြိုင်ပွဲများတွင် ၂၀၂၅ ခုနှစ် ဘာစီလိုနာအိုးပင်းပြိုင်ပွဲပြီးနောက် ၂၆ ပွဲဆက် နိုင်ပွဲရရှိမှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဗီယင်နာအိုးပင်းတင်းနစ်ပြိုင်ပွဲသည် အေဘီဝီ ၅၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ဇဲဗဲရက်ဗ်၊ ပေါလ်၊ မက်ဗီဒက်ဗ်၊ ဂရိဘစ်ဂူးလ်၊ မူဆက်တီစသည့်ထိပ်တန်းတင်းနစ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဒီမိုနောသည် ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့နံပါတ်တစ် ဂျာမနီတင်းနစ်အကျော်အမော် အလက်ဇန္ဒား ဇဲဗရက်ဗ်ကို အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းလာသော်လည်း အယ်ကာရက်ဓ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့သည်။ အယ်ကာရက်ဓ်သည် ဒီမိုနောနှင့် ထိပ်တိုက်တွေ့ဆုံသည့် ခုနစ်ကြိမ်တွင် ခုနစ်ကြိမ်စလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် သြစတြီးယားတင်းနစ်ကစားသမားများဖြစ်သည့် နေးလ်အိုဘာလိုက်တနာနှင့် လူးကပ်စ်မဲလ်ဒါအတွဲက အမေရိကန်တင်းနစ်ကစားသမားများဖြစ်သည့် ရွိုင်ယန် ဆက်ဂါမန်နှင့် လာနာတိယန်အတွဲကို ၆-၁၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။ **အောင်ဇော်**

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပျော်ဘွယ်နှင့်ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးတို့၌ ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားကတ်ပြားနှင့် UID နံပါတ်တို့ကို သက်ဆိုင်ရာအခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ဆောင်ရွက်ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် အသက် (၁၈) နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး မရရှိသေးသူများ၊ နိုင်ငံသားကတ်ပြားရရှိပြီးသော်လည်း ပျက်စီး/ ပျောက်ဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း အတိုး/ အလျော့၊ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ကြသူများ၊ နိုင်ငံသားကတ်ရရှိပြီး e-ID စနစ်ဖြင့် UID နံပါတ်မရရှိသေးသူများအား သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ လည်းကောင်း လမင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးနှင့် ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံး သွားရောက်၍ မြို့နယ်ရုံးအဝင်၌ ဧည့်ကြိုကောင်တာထားရှိဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး နားနေဆောင်ရှိဒေသခံပြည်သူများအား လာရောက်ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို မေးမြန်းဆွေးနွေး၍ ကြုံတွေ့ရသည့် အခက်အခဲများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်ရုံးအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေအတိုး/အလျော့လုပ်ငန်းစဉ်များ၊ အသက် (၁၈) နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူများ၊ နိုင်ငံသားကတ် ပျက်စီး / ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်နေမှုများနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့ပြင် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေ့ချင်းပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံပေးအပ်ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

ဖလမ်း နိုဝင်ဘာ ၂

ဖလမ်းမြို့တွင် (၇၈) ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုအကပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ ဆုပေးပွဲအခမ်းအနားနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းရိုးရာနှစ်သစ်ကူး ပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် ဖလမ်းမြို့ ဟရန်ထီးယိုးဘောလုံးကွင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ်လွှတ်ပစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး နှင့်ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။



အခမ်းအနားကို ဆုတောင်းမေတ္တာပို့သ၍ စတင်ပြီး ဒေသခံအဆိုရှင်များက တေးသီချင်းများ သီဆိုဖျော်ဖြေကာ အားကစားသမားများက အားကစားအမွှေစ်ဘန်ရွတ်ဆို ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုကဲ့သို့ရိုးရာပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းသည် ဒေသတွင်းအေးချမ်းတည်ငြိမ်ခြင်း၏ အသီးအပွင့်ရလဒ်ကောင်း ပင်ဖြစ်ကြောင်း၊ ချင်းရိုးရာ ကောက်သစ်စားပွဲခေါ် ချင်းနှစ်သစ်ကူးပွဲတော်သည် နှစ်သစ်ကို မျှော်လင့်ချက်အသစ်များနှင့် ကြိုဆိုကြသည့် မင်္ဂလာရှိသော ပွဲတော်ဖြစ်ပြီး ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသသည့် ပွဲတော်ဖြစ်သကဲ့သို့ နှစ်သစ်ကူး ပွဲတော်ကြိုးကို ကျင်းပနိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ တစ်သွေးတစ်သားတည်းရှိမှုများကို ပိုပြင်စွာမြင်တွေ့ရသည့်အတွက် အထူးပင်ဂုဏ်ယူမိပါကြောင်းနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များ အနေဖြင့် လည်း ၂၀၂၆ခုနှစ် မေလမှစတင်ပြီး ဖလမ်းမြို့ တိုးတက်စည်ကားရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်နိုင်ရေးတို့ကို အင်တိုက်အားတိုက်ကြိုးပမ်းမှုများကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ကျင်းပသည့် (၇၈)ကြိမ်မြောက် ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်မှ တစ်ဆင့် ဒေသ၏ ရိုးရာယဉ်ကျေးမှုများ ပိုမိုရှင်သန်တိုးတက်လာပြီး၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာပါစေကြောင်းနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန် လာပါစေကြောင်း နှစ်သစ်ကူးဆုမွန်တောင်းကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းနှစ်သစ်ကူး ပွဲတော်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအား ပြည်နယ်အဖွဲ့ လွှတ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က စပေး ဘောကန်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး နှင့် အဖွဲ့ဝင်များသည် ဒေသခံများနှင့် အတူ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ခရိုင်
(ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင်တည်ရှိသော မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းကို ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်၊ ဦးညီညီနှင့် ဦးထွန်းထွန်းဝင်းတို့ ဦးဆောင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစခန်းကို ကြည့်ရှုစစ်ဆေးစဉ် စခန်းတွင် လက်ခံစောင့်ရှောက်ထားသော သင်တန်းသားများအတွက် အာဟာရပြည့်ဝသောအစားအစာနှင့် သန့်ရှင်းသော သောက်ရေသုံးရေ လုံလောက်စွာရရှိစေရေး စီစဉ်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးဖြတ်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်သော လက္ခဏာများကို စနစ်တကျစောင့်ကြည့်ပေးမှု ရှိမရှိ ဆေးဖြတ်စဉ် ကြုံတွေ့ရသောဝေဒနာများအတွက် လိုအပ်သော အကူအညီနှင့်ဆေးဝါးစောင့်ရှောက်ပေးနေမှု၊ မိသားစုနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်နှင့် မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်ရရှိရေး ဆောင်ရွက်ပေးမှု၊ ခွဲခြားဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိ၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၂-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဈောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၉ ~ ၃၆၇၀	၅၂၅.၄ ~ ၅၂၅.၇	၁၂၅.၄ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ဈောင်းဝယ်သည့်ပမာဏ	၁၂,၉၃၆,၈၃၁.၈၁	၆,၂၈၉,၇၇၂.၉၇	၇၇,၅၀၄,၅၃၆.၀၇	

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၂)

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ (အပိုင်း-၃)

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)



အဆင့်မြင့်စိုက်ပျိုးရေးအင်ဂျင်နီယာနည်းပညာ၊ ကွင်းစလန်တောင်ပိုင်းတက္ကသိုလ်။

သြစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ စသည့် ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် **စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေး**တို့ နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ်မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာရပ်အကြောင်း ဆက်လက်ရေးသား၊ ဆွေးနွေးလိုပါသည်။

သြစတြေးလျနိုင်ငံရှိ စိုက်ပျိုးရေးအင်ဂျင်နီယာပညာ သင်ကြားပို့ချနေသော တက္ကသိုလ်များ၊ ဒီပလိုမာနှင့် ဘွဲ့သင်တန်းများ

သြစတြေးလျနိုင်ငံသည် စိုက်ပျိုးရေးအင်ဂျင်နီယာပညာ သင်ကြားရေးနှင့် လေ့ကျင့်ရေး၊ သုတေသနကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

သြစတြေးလျနိုင်ငံ၏ ပညာရေးစနစ်တွင် အောက်ပါသင်တန်းအမျိုးအစားများ ပါဝင်ပါသည်-

၁။ Certificate Courses – လက်မှတ်ရသင်တန်းများ၊

၂။ Diploma Courses – ဒီပလိုမာသင်တန်းများ၊

၃။ Bachelor Degree Programs – ဘွဲ့ကြို သင်တန်းများ၊

၄။ Graduate Certificate and Graduate Diploma – ဘွဲ့လွန်လက်မှတ်ရနှင့် ဒီပလိုမာသင်တန်းများ၊

၅။ Master's Degree and Doctoral Degree Programs – မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ။

အထူးသဖြင့် ကွင်းစလန်တောင်ပိုင်းတက္ကသိုလ် (University of Southern Queensland – UniSQ) သည် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကို အဓိကထား သင်ကြားပေးနေသော သြစတြေးလျတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ အခြားတက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများတွင်လည်း စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ရေသွင်းရေထုတ်စနစ်၊ တိကျစိုက်ပျိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

(က) သြစတြေးလျနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ သင်ကြားပေးသော တက္ကသိုလ်များနှင့် သင်တန်းကျောင်းများ

က-၁။ ကွင်းစလန်တောင်ပိုင်းတက္ကသိုလ်

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာအဓိကအထူးပြုတက္ကသိုလ်ဖြစ်ပြီး ကွင်းစလန်ပြည်နယ် တူဝုမ်းဘား(မြို့ (Toowoomba, Queensland) ၌ တည်ရှိပါသည်။

သင်ကြားပေးသော ဘာသာရပ်များနှင့် သင်တန်းများ။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အင်ဂျင်နီယာပညာဆိုင်ရာ အင်ဂျင်နီယာဂုဏ်ထူးတန်းဘွဲ့၊ တွဲဖက်အင်ဂျင်နီယာဒီဂရီ၊ ဘွဲ့လွန်လက်မှတ်ရဂျွန်းကျင်အင်ဂျင်နီယာပညာ၊ ဘွဲ့လွန်ဒီပလိုမာ၊ အတတ်ပညာဆိုင်ရာ အင်ဂျင်နီယာပညာမဟာဘွဲ့ စသည်တို့ ဖြစ်ပါသည်။

တက္ကသိုလ်၏ တရားဝင်ဝက်ဘ်ဆိုက် – https://www.unisq.edu.au/

က-၂။ သြစတြေးလျအနောက်ပိုင်းတက္ကသိုလ်

သြစတြေးလျနိုင်ငံအနောက်ပိုင်း ပတ်သ်မြို့၌ တည်ရှိပါသည်။ ဤတက္ကသိုလ်တွင်

- စိုက်ပျိုးရေးအင်ဂျင်နီယာ တီထွင်မှုဆိုင်ရာ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနလုပ်ငန်းများ၊
- နောက်ဆုံးပေါ်နည်းပညာ၊ အလိုအလျောက်စနစ်နှင့် ဒီဂျစ်တယ်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရပ်များ လက်မှတ်ရ၊ ဒီပလိုမာ၊ ဘွဲ့သင်တန်းတွေ သင်ကြား၊ သုတေသနပြုနေပါသည်။

က-၃။ နယူးဆောက်ဝေးလ်ပြည်နယ်၊ နည်းပညာနှင့် လုပ်ငန်းခွင်ပညာရေးသင်တန်းကျောင်းများ

- သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ တည်ရှိပါသည်။ ဤသင်တန်းကျောင်းများမှ ရေသွင်းနည်းပညာလက်မှတ်ရသင်တန်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စက်မှုနည်းပညာ၊စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဒီပလိုမာ၊ စက်မှုလယ်ယာနှင့် ခေတ်မီရေသွင်းနည်းပညာ လက်တွေ့သင်ကြားရေး စသည်တို့ သင်ကြားသုတေသနပြုနေပါသည်။

က-၄။ သြစတြေးလျတောင်ပိုင်းပြည်နယ် နည်းပညာနှင့် လုပ်ငန်းခွင်ပညာရေး သင်တန်းကျောင်းများ

သြစတြေးလျတောင်ပိုင်းပြည်နယ်၌ တည်ရှိပါသည်။ ဤသင်တန်းကျောင်းများမှ စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာ လက်မှတ်ရသင်တန်း၊ လယ်ယာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လက်မှတ်ရသင်တန်း၊ စိုက်ပျိုးရေးဆိုင်ရာ ဒဂုန်းနည်းပညာဆိုင်ရာ သင်တန်းများ စသည်တို့ သင်ကြားသုတေသနပြုနေပါသည်။

က-၅။ ချားလ်ဒါဝင်တက္ကသိုလ်

သြစတြေးလျနိုင်ငံ မြောက်ပိုင်းပြည်နယ်၌ တည်ရှိပါသည်။ စိုက်ပျိုးရေးနည်းပညာ လက်မှတ်ရသင်တန်းများ၊ ကျေးလက်လယ်ယာ လုပ်ငန်းများ၊ လယ်ယာစက်ပစ္စည်းလုပ်ငန်းဆိုင်ရာ လက်တွေ့လေ့ကျင့်ရေးတို့ သင်ကြားသုတေသနပြုနေပါသည်။

(ခ) နမူနာ

(ခ-၁) စိုက်ပျိုးရေးအင်ဂျင်နီယာ ဘွဲ့လွန်လက်မှတ်ရသင်တန်း

တက္ကသိုလ် – ကွင်းစလန်တောင်ပိုင်းတက္ကသိုလ်

ဤသင်တန်းသည် အထက်တန်းကျောင်းပြီးသူများအတွက် အခြေခံလက်မှတ်ရသင်တန်း မဟုတ်ဘဲ ဘွဲ့ရပြီးသူများအတွက် ရည်ရွယ်သော ဘွဲ့လွန်အဆင့် လက်မှတ်ရသင်တန်း ဖြစ်ပါသည်။

- သင်တန်းကြာချိန်ကာလ – ခန့်မှန်းခြေ ၆ လ၊
- ဘာသာရပ် – ၄ ခု၊
- အဓိကသင်ကြားမည့် ပညာရပ်များမှာ စိုက်ပျိုးရေးအင်ဂျင်နီယာပညာ၊ မြေဆီလွှာ မဏ္ဍိုက်နစ်ပညာ၊ ရေသွင်းခြင်းဆိုင်ရာသိပ္ပံနှင့် အဆင့်မြင့် စိုက်ပျိုးရေးနည်းပညာတို့ ဖြစ်ပါသည်။

သင်ကြားနိုင်သော ဘာသာရပ်များ

ဥပမာ –

၁။ Agricultural Soil Mechanics – စိုက်ပျိုးရေးမြေဆီလွှာဆိုင်ရာ စက်မှုအင်ဂျင်နီယာပညာ၊

၂။ Applications of Advanced Technology in Agriculture – စိုက်ပျိုးရေးတွင် အဆင့်မြင့်နည်းပညာများ အသုံးချခြင်း၊

၃။ Irrigation Science – ရေသွင်းစနစ်ဆိုင်ရာ သိပ္ပံပညာ၊

၄။ Environmental Technology – ပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာ၊

၅။ Advanced Hydraulic Systems – အဆင့်မြင့် ရေအားအင်ဂျင်နီယာစနစ်များ စသည်တို့ ဖြစ်ပါသည်။

(ခ-၂) ခေတ်မီရေသွင်းနည်းပညာ လက်မှတ်ရသင်တန်း

သင်တန်းကျောင်း – နည်းပညာနှင့်လုပ်ငန်းခွင်ပညာရေး သင်တန်းကျောင်း၊ နယူးဆောက်ဝေးလ်

သင်တန်း၏ ရည်ရွယ်ချက်မှာ ရေသွင်းစနစ်များကို ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်း၊ လည်ပတ်အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန် ဖြစ်သည်။

သင်ရိုးညွှန်းတမ်း

ဥပမာ –

- Introduction to Irrigation Engineering – ရေသွင်းစနစ် အင်ဂျင်နီယာပညာ မိတ်ဆက်၊
- Irrigation System Components – ရေသွင်းနည်းစနစ်ပုံစံအမျိုးမျိုး၊
- Pipe Networks and Water Flow – ရေပိုက်တပ်ဆင်ထားမှုကွန်ရက်နှင့် ရေစီးဆင်းမှု၊
- Pumps and Irrigation Equipment – ရေစုပ်စက်နှင့် ရေသွင်းကိရိယာများ၊
- Irrigation Design and Layout – ရေသွင်းစနစ် ဒီဇိုင်းနှင့် တည်ဆောက်ပုံ၊
- Soil and Water Management – မြေဆီလွှာနှင့် ရေစီမံခန့်ခွဲမှု ၊
- Installation and Maintenance – တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊
- Troubleshooting – စက်ပစ္စည်းချွတ်ယွင်းမှုရှာဖွေဖြေရှင်းခြင်း စသည်တို့ ဖြစ်ပါသည်။

စာရေးသူ၏အတွေး

စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သော အမိနိုင်ငံတွင် စိုက်ပျိုးရေးအင်ဂျင်နီယာကဏ္ဍသည် အလွန်အရေးကြီးပါသည်။ သို့သော် အလုပ်အကိုင်ရရှိမှု နည်းပါးသည်ဆိုသော အကြောင်းပြချက်ဖြင့် ဤအထူးပြုဘာသာရပ်ကို တက်ရောက်သင်ကြားနေသူ ကျောင်းသား ကျောင်းသူ နည်းပါးနေပါသေးသည်ဟု စာရေးသူထင်မြင်မိပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာပညာသည် နေပူထဲတွင်ထွန်စက်ကြီးနှင့်ထယ်ထိုး၊ ထွန်မွှေနေရသည့် ပင်ပန်းသည့်ပညာဟူ၍ မတွက်ဘဲ ခေတ်မီတယ်လီဗုန်းနည်းပညာ၊ တိကျစိုက်ပျိုးရေးနည်းပညာ၊ နောက်ဆုံးပေါ် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ လယ်ယာလုပ်ငန်းများတွင် လူမပါဘဲ စက်ရုပ်များကိုအသုံးချမှု၊ မွေးမြူထားသော လယ်ယာတိရစ္ဆာန်များအတွက် အဆောက်အအုံ တည်ဆောက်ပုံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည်တို့သည် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာကြီး၏ ဘာသာခွဲများဖြစ်ပြီး တောင်သူဦးကြီးတို့ သီးနှံ၊ ခြံမွေးတိရစ္ဆာန်များတိုးတက် ထုတ်လုပ်နိုင်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလားဟူ၍ မွန်မြတ်သော စိတ်ထားများဖြင့် လေ့လာသင်ယူ၊ သုတေသနပြုကြခြင်းဖြင့်လည်းကောင်း၊ ကျေးလက်နေတောင်သူဦးကြီးများအတွက် အလွန်အကျိုးရှိသည့်၊ တန်ဖိုးရှိသည့် ဘာသာရပ်များပါလားဟူ၍ ခံယူ၍လည်းကောင်း လေ့လာ၊ သင်ယူ၊ ပြန်လည်ပညာဖြန့်ဖြူးပေးပါက သားရွေးဆိုးထမ်းလာသည့်ကိန်း မြင်ရပါပြီ။ ။

“ စိုက်ပျိုးရေးအင်ဂျင်နီယာပညာသည် နေပူထဲတွင်ထွန်စက်ကြီးနှင့်ထယ်ထိုး၊ ထွန်မွှေနေရသည့် ပင်ပန်းသည့်ပညာဟူ၍ မတွက်ဘဲ ခေတ်မီတယ်လီဗုန်းနည်းပညာ၊ တိကျစိုက်ပျိုးရေးနည်းပညာ၊ နောက်ဆုံးပေါ် ရိတ်သိမ်းချိန်လွန်နည်းပညာ၊ လယ်ယာလုပ်ငန်းများတွင် လူမပါဘဲ စက်ရုပ်များကို အသုံးချမှု၊ မွေးမြူထားသော လယ်ယာတိရစ္ဆာန်များအတွက် အဆောက်အအုံ တည်ဆောက်ပုံနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည်တို့သည် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာကြီး၏ ဘာသာခွဲများဖြစ် ”

e-Government နှင့် Digital နည်းပညာအသုံးချမှု စွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်



မုံရွာ နိုဝင်ဘာ ၂

e-Government နှင့် Digital နည်းပညာအသုံးချမှု စွမ်းရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ရှိ ခန်းမ၌ ကျင်းပသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နည်းပညာကို အသုံးပြုနိုင်ရုံသာမက နည်းပညာ၏ အကျိုးကျေးဇူးများအား လုပ်ငန်းခွင်နှင့် ပြည်သူ့ဝန်ဆောင်မှုများတွင် အမှန်တကယ် ဖော်ဆောင်နိုင်သည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန် ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းမှရရှိလာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများအား မိမိတစ်ဦးတည်း အတွက်သာ မဟုတ်ဘဲ မိမိတို့သက်ဆိုင်ရာဌာနများရှိ လုပ်ဖော်ကိုင်ဖက်များထံ ပြန်လည်မျှဝေပေးခြင်း၊ လက်တွေ့ လုပ်ငန်းများတွင် အသုံးချခြင်းနှင့် ဌာန၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း တို့ကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ပါမောက္ခချုပ်က e-Government နှင့် Digital နည်းပညာအသုံးချမှု စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ်ထံ သင်တန်းအတွက် ငွေကျပ်သိန်း ၇၀ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂ ရက်မှ ၂၀ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်သွားမည်ဖြစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်ကြားပို့ချ ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေပဋိဉာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ အောင်မြင်စွာပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။

ၾကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများ အဖြစ်လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။



တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုး မိသားစုဝင်များက အောင်မြင်ခြင်း၏ သင်္ကေတဖြစ်သော အောင်သပြေခက်များဖြင့် အမွေးနုံသာများဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက် ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။

ထို့ပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ တစ်ရပ်ဖြစ်သော အိုးစည်၊ ခိုးပတ်တီးမှုတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ ခြိမ့်ခြိမ့်သဲသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်ပြင်ကြင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်သားတည်း ဖြစ်တည်နေမှုကို ထင်ရှားစွာသက်သေပြနေသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင်နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်သည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏ တာဝန်ကျေပွန်မှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိသည့် ပျော်ရွှင်မှု၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများက လေးစားမြတ်နိုးစွာကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာမြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ကြည်နူးမဆုံး ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်ကို ယခုကဲ့သို့ တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို ရဲရင့်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းတပ်မတော်သားများနှင့် ရဲဘော်ရဲဘက် စိတ်ဓာတ် အပြည့်ဖြင့် လက်တွဲကာ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ် စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒ အလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် (သို့မဟုတ်) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေမည်ဖြစ်သည်။

“နိုင်ငံ့သားတိုင်းသည် ဥပဒေပဋိဉာန်းချက်များနှင့် အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ်တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/၈လ**

ဖလော်ရီဒါပြည်နယ် လူနေရပ်ကွက်အတွင်းသို့ လေယာဉ်ပျက်ကျ၊ လေယာဉ်ပေါ်လိုက်ပါသူအားလုံး သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၂

လူကိုးဦး လိုက်ပါလာသော လေယာဉ်တစ်စင်းသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ နိုဝင်ဘာ ၁ ရက်တွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူအားလုံး သေဆုံးခဲ့ကြောင်း အမေရိကန်သယ်ယူပို့ဆောင်ရေးဝန်ကြီး ရောင်ဒပ်ဖီက ပြောကြားသည်။



ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် Learjet 60 အမျိုးအစား လေယာဉ်တစ်စင်းသည် ဖလော်ရီဒါပြည်နယ် ခရက်စ်ဟေဗင်ဒေသအနီးရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ် လိုက်ပါလာသူအားလုံး သေဆုံးခဲ့ကြောင်း ဒပ်ဖီက လူမှုကွန်ရက် X တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လေယာဉ်သည် တက္ကဆက်ပြည်နယ် အော်စတင် မြို့မှထွက်ခွာလာပြီး ဘဟားမားစ်နိုင်ငံသို့ ဦးတည်ပျံသန်းနေခြင်း ဖြစ်ကြောင်း၊ အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေး အဖွဲ့၏ စုံစမ်းစစ်ဆေးမှုကို ပံ့ပိုးကူညီရန် အခင်းဖြစ်ပွားရာ နေရာသို့ ဖက်ဒရယ်လေကြောင်း စီမံခန့်ခွဲရေးဌာနမှ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြေပြင်ပေါ်တွင် ထိခိုက်ဒဏ်ရာ ရရှိသူ ရှိ၊ မရှိကိုမူ ရှင်းလင်းစွာ မသိရသေးပေ။ လေယာဉ်ပျက် မကျမီ မိနစ်ပိုင်းအလိုတွင်လေယာဉ်မှူးက လေယာဉ်တောင်ပံပေါ် သို့မဟုတ် အစိတ်အပိုင်းများပေါ် သို့ ရေခဲများ စုပုံတွယ်ကပ်လာနေကြောင်းနှင့် အလယ်အလတ် အဆင့်ရှိ လေထုမငြိမ်သက်မှုကို ကြုံတွေ့နေရကြောင်း သတင်းပေးပို့ခဲ့သည်ဟု LiveATC.net က ဖမ်းယူရရှိထားသည့် လေကြောင်း ထိန်းချုပ်ရေး ရေဒီယို ဆက်သွယ်ပြောကြားမှု အသံမှတ်တမ်းအရ သိရသည်။ **ဆင်ဟွာ**

ဆိုင်ကလုန်းမုန်တိုင်း မူရာစုကြောင့် အိန္ဒိယတောင်ပိုင်းတွင် လေကြောင်းခရီးစဉ် ၂၀ ကျော် ဖျက်သိမ်း

နယူးဒေလီ နိုဝင်ဘာ ၂

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ တမီလ်နာဒူးနှင့် အင်ဒရာပရာဒေ့ရှ် ပြည်နယ်တို့တွင် အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း မူရာစု (Murasu) ဝင်ရောက်တိုက်ခတ်ရန် နီးကပ်လာသဖြင့် နိုဝင်ဘာ ၂ ရက်တွင် လေကြောင်းခရီးစဉ် ၂၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

ချန်နိုင်းလေဆိပ်တွင် လေကြောင်းခရီးစဉ် ၁၁ ခုနှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဗီဂျာယာဝါဒါလေဆိပ်တွင် အင်ဒီဂိုလေကြောင်းလိုင်း၏ ခရီးစဉ် ၁၀ ခု ဖျက်သိမ်းခဲ့သည်။ ခရီးသည်များအနေဖြင့် လေဆိပ်သို့မသွားမီ သက်ဆိုင်ရာလေကြောင်းလိုင်းများထံ ခရီးစဉ် အခြေအနေကိုစုံစမ်းရန် တာဝန်ရှိသူများက သတိပေးထားသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) ၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ အားကောင်းလာသည့်မုန်တိုင်းသည် အင်အားပြင်းဆိုင်ကလုန်း မုန်တိုင်း မူရာစုအဖြစ် ပြောင်းလဲလာခဲ့သည်။ မုန်တိုင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း ၁၀၀ မှ ၁၁၀ ကီလိုမီတာအထိ ရှိနိုင်ပြီး လေပြင်းတိုက်ခတ်ချိန်တွင် တစ်နာရီလျှင် ၁၂၀ ကီလိုမီတာအထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ နိုဝင်ဘာ ၂ ရက် ညသန်းခေါင်မှ ၃ ရက် နံနက်အစောပိုင်းအတွင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းသို့ ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

မုန်တိုင်းအန္တရာယ်ကြောင့် ကမ်းရိုးတန်းဒေသများရှိ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိရာ လူဦးရေ ၂၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ အကြီးတန်းတာဝန်ရှိသူ ပရာခါဂျိန်းက ပြောကြားသည်။ **ဆင်ဟွာ**



ဘရူနိုင်း၌ အရှေ့မြောက်မုတ်သုံရာသီ စတင်ဝင်ရောက်၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေကြီးရေလျှံမှုအန္တရာယ် သတိပေး

ဘန်ဒါဆီရီဘီဂါဝန် နိုဝင်ဘာ ၂

ဘရူနိုင်းနိုင်ငံသည် နိုဝင်ဘာ ၂ ရက်တွင် အရှေ့မြောက်မုတ်သုံရာသီသို့ စတင်ဝင်ရောက်လာပြီဖြစ်ပြီး ယင်းရာသီသည် လာမည့်နှစ်မတ်လကုန်အထိ ကြာမြင့်ဖွယ်ရှိကြောင်း သိရသည်။

ဘရူနိုင်းမိုးလေဝသဌာန၏ နိုဝင်ဘာ ၂ ရက် ထုတ်ပြန်ချက်အရ အရှေ့မြောက်မုတ်သုံရာသီ၏ ပထမသုံးလဖြစ်သည့် ၂၀၂၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလ၊ ၂၀၂၇ ခုနှစ် ဇန်နဝါရီလတို့သည် ပုံမှန်အားဖြင့် မိုးရွာသွန်းမှုအများဆုံးလများဖြစ်ပြီး မိုးရေချိန်ပမာဏနှင့် မိုးရွာသွန်းသည့်ရက်အရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါဌာနက မိုးရာသီကာလအတွင်း ရေလွှမ်းမိုးမှုနှင့် ရုတ်တရက်ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သောကြောင့် အထူးသဖြင့် မြေနိမ့်ပိုင်းဒေသများ၊ ရေကြီးရေလျှံမှု မကြာခဏဖြစ်ပွားလေ့ရှိသော ဒေသများနှင့် မြစ်ကမ်းနံဘေးတွင် နေထိုင်သူများအနေဖြင့် သတိဝီရိယရှိကြရန် တိုက်တွန်းထားသည်။

အခြားတစ်ဖက်တွင် နိုင်ငံတကာရာသီဥတု ဆိုင်ရာစင်တာများ၏ ခန့်မှန်းချက်များအရ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ယခုနှစ် ဇွန်လကတည်းက ပစိဖိတ်သမုဒ္ဒရာအတွင်း စတင်ဖြစ်ပေါ်နေပြီး ယခုအခါ အလွန်အားကောင်းသည့်အဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အလွန်အားကောင်းသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် လာမည့်နှစ် မတ်လဝန်းကျင်အထိ ဆက်လက်ဖြစ်ပေါ်နိုင်ခြေ ၈၃ ရာခိုင်နှုန်းကျော်ရှိကြောင်း ဘရူနိုင်း မိုးလေဝသဌာနက ပြောကြားသည်။ **ဆင်ဟွာ**

အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားလာရောက်မှုကျဆင်း

ဖနောင်ပင် နိုဝင်ဘာ ၂

၂၀၂၆ ခုနှစ် ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ထင်ရှားကျော်ကြားသော အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့



နိုင်ငံတကာခရီးသွားဝင်ရောက်မှုနှုန်း လက်မှတ်ရောင်းချမှုမှ ရရှိသည့် ဝင်ငွေတို့ နှစ်မျိုးစလုံးလျော့နည်းခဲ့ကြောင်း နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်သည့် တရားဝင်ကြေညာချက်အရ သိရသည်။

ယင်းကာလအတွင်း အဆိုပါဥယျာဉ်သို့ နိုင်ငံတကာခရီးသွား ၅၆၆၇၁၄ ဦး လာရောက်ခဲ့ရာ ယမန်နှစ်အလားတူကာလထက် ၂၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး လက်မှတ်ရောင်းချမှုမှဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၇ သန်းရရှိခဲ့ရာ ယမန်နှစ်ကထက် ၂၄ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

အောက်တိုဘာလတစ်လတည်းတွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ၅၆၁၈၆ ဦးရှိခဲ့ပြီး ယမန်နှစ်အလားတူလထက် ၆ ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆီရမ်ရိပြည်နယ် အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး ဇရိယာ ၄၀၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည့် ယူနက်စကို (UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဆိုပါနေရာသည် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အဓိကအချက်အချာနေရာအဖြစ် ဆက်လက်တည်ရှိနေကြောင်း သိရသည်။ **ဆင်ဟွာ**

ရေနံထုတ်လုပ်မှုပမာဏကို ဒီဇင်ဘာလတွင်လည်း သုံးလဆက်တိုက်မပြောင်းလဲဘဲ ဆက်လက်ထားရှိရန် OPEC+ ဆုံးဖြတ်

ဗီယင်နာ နိုဝင်ဘာ ၂

ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC) နှင့် ၎င်း၏မဟာမိတ်များ ပါဝင်သော OPEC+ အဖွဲ့သည် လာမည့်ဒီဇင်ဘာလတွင် ရေနံထုတ်လုပ်မှုပမာဏကို သုံးလဆက်တိုက်ပြောင်းလဲခြင်းမရှိဘဲ မူလအတိုင်း ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်တွင် OPEC က ပြောကြားသည်။

ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်လ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့ ပါဝင်သည့် OPEC+ အဖွဲ့ဝင် ခုနစ်နိုင်ငံသည် ကမ္ဘာ့ရေနံဈေးကွက်အခြေအနေနှင့် အလားအလာများကို ပြန်လည်သုံးသပ်ရန် အွန်လိုင်း အစည်းအဝေးတစ်ရပ် ပြုလုပ်ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သဘောတူညီချက်အရ အဆိုပါ အဖွဲ့ဝင်ခုနစ်နိုင်ငံသည် လာမည့် ဒီဇင်ဘာလအတွက် ရေနံထုတ်လုပ်မှုပမာဏကို စက်တင်ဘာလအတိုင်းဆက်လက်ထားရှိရုံနှုန်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ အဖွဲ့ဝင်ခုနစ်နိုင်ငံသည် ဈေးကွက်အခြေအနေများကို ပြန်လည်သုံးသပ်ရန် နောက်ထပ် အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း OPEC က ပြောကြားသည်။ **ဆင်ဟွာ**

အာဖဂန်၌ သက်တမ်းကုန်ဆေးဝါးများနှင့် အလှကုန်ပစ္စည်းတန်ချိန် ၁၀၀၀ ခန့် ဖျက်ဆီး

ကဘူးလ် နိုဝင်ဘာ ၂

အာဖဂန် အာဏာပိုင်များသည် တောင်ပိုင်းကန်ဒါဟာပြည်နယ်၌ သက်တမ်းကုန်ပြီး စံချိန်စံညွှန်း မမီသော ဆေးဝါးများနှင့် အလှကုန်ပစ္စည်း တန်ချိန် ၁၀၀၀ ခန့်ကို နိုဝင်ဘာ ၂ ရက်တွင် ဖျက်ဆီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပစ္စည်းများသည် လွန်ခဲ့သည့် ၁၈ လအတွင်း တရားမဝင်တင်သွင်းမှုများအဖြစ် သိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများ ဖြစ်ကြောင်း သိရသည်။

တရားမဝင် တင်သွင်းပြီး နောက် ပြည်နယ်တစ်ဝန်းရှိ နယ်စပ်ဖြတ်ကျော် ဂိတ်များတွင် စုပုံနေခဲ့သည့် အဆိုပါသိမ်းဆည်းရမိပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရှိကြောင်း ကန်ဒါဟာအကောက်ခွန်ဌာန အကြီးအကဲ မော်လဝီ မန်ဆိုရူဟတ် ဇာကီရာက ပြောကြားသည်။ **ဆင်ဟွာ**

မွန်ဂိုလီးယား၌ ဝက်ဝံတိုက်ခိုက်မှု ထပ်မံဖြစ်ပွား

အူလန်ဘာတာ နိုဝင်ဘာ ၂

မွန်ဂိုလီးယားနိုင်ငံ အနောက်ပိုင်း၌ ဝက်ဝံတစ်ကောင်၏ တိုက်ခိုက်မှုကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးပိုင်ဆိုင်သည့် သိုးနှင့် ဆိတ် ၆၃ ကောင် သေဆုံးခဲ့ကြောင်း ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက နိုဝင်ဘာ ၂ ရက်တွင် ဖော်ပြထားသည်။ နိုင်ငံ၏မြို့တော်အူလန်ဘာတာတွင်လည်းအောက်တိုဘာလအစောပိုင်းက ဝက်ဝံတိုက်ခိုက်မှုကြောင့် အသက် ၄၀ အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးမှာ ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံ၌ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီသစ် စတင်ဖွဲ့စည်း

တိုကျို နိုဝင်ဘာ ၂

ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမို ထိရောက်စေရန်ရည်ရွယ်၍ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီသစ်ကို နိုဝင်ဘာ ၂ ရက်တွင် စတင်ဖွဲ့စည်းလိုက်သည်။

အေဂျင်စီသစ်တွင် ဝန်ထမ်း ၃၅၀ ကျော်ဖြင့် စတင်လည်ပတ်မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် တာကာအိချိဆာနာအဲက အေဂျင်စီကို ဦးဆောင်မည် ဖြစ်ပြီး ပြန်လည်ထူထောင်ရေးဝန်ကြီး ဟိုဆိုနိုဂိုရိက အေဂျင်စီ၏ လုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်သည်။ ဝန်ကြီးချုပ်က အေဂျင်စီသစ်သည် ဝန်ကြီးဌာနများနှင့် အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်သည့် အဓိကညှိနှိုင်းရေးဗဟိုဌာနတစ်ခုဖြစ်လာစေရန် တိုက်တွန်းထားသည်။ အေဂျင်စီသစ်သည် ဂျပန်နိုင်ငံတွင် ကြီးမားသောဘေးလျော့များနှင့် အခြားသဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိရောက်စွာ တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ **အင်နမ်အိတ်ချ်ကေ**

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့ကြီးများ၏ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ပုံ(၁)

ပုံ(၁)။ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ



၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

စဉ်	စခန်းအမည်	pH
၁	မန္တလေး (ချမ်းအေးသာစံ)	၇.၁
၂	မန္တလေး (ချမ်းမြသာစည်)	၇.၉
၃	ခန္ဓီး	၆.၅
၄	လားရှိး	၇.၂
၅	တောင်ကြီး	၆.၉
၆	မိုင်းဆတ်	၆.၅
၇	ကျိုင်းတုံ	၆.၆
၈	စစ်ကိုင်း	၆.၅
၉	ဟားခါး	၇.၁
၁၀	ညောင်ဦး	၆.၈
၁၁	မုံရွာ	၆.၉
၁၂	ပျဉ်းမနား	၇.၂
၁၃	ပြင်ဦးလွင်	၇.၂
၁၄	ကလေး၀	၆.၈
၁၅	ရန်ကုန်(ကမ္ဘာအေး)	၆.၅
၁၆	မှော်ဘီ	၇.၀
၁၇	မကွေး	၇.၀
၁၈	အောင်လံ	၇.၀
၁၉	လှိုင်ကော်	၇.၂
၂၀	စစ်တွေ	၇.၂
၂၁	ပြည်	၆.၅
၂၂	ပဲခူး	၇.၁
၂၃	တောင်ငူ	၆.၅
၂၄	ပုသိမ်	၆.၆
၂၅	မအူပင်	၇.၁
၂၆	ဟသ်ာတ	၇.၀
၂၇	မော်လမြိုင်	၆.၉
၂၈	ဘီးလင်း	၆.၆
၂၉	ဘားအံ	၇.၁
၃၀	ကော့ကရိတ်	၆.၇
၃၁	ထားဝယ်	၆.၇
၃၂	မြိတ်	၆.၆
၃၃	ကော့သောင်း	၆.၅

ပုံ (၂)။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်(ကမ္ဘာအေး) ရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (㎛) နှင့်အောက် သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း (O_3)၊ PM_{10} နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။


တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ အောက်တိုဘာလအတွင်းတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး) ရုံး၏လေအရည်အသွေးသည် အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၅ ရက်၊ အသင့်အတင့်အဆင့်၌ ၂၆ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အောက်တို ဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၄ ရက်နှင့် အသင့်အတင့်အဆင့်၌ ၂၇ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန


ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ PM_{10} ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း(O_3) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ



လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

လေအရည်အသွေးအညွှန်းကိန်း (AQI)	လေအရည်အသွေးအဆင့်	အဓိပ္ပာယ်ဖွင့်ဆိုချက်
၀ - ၅၀	ကောင်း	လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။
၅၁ - ၁၀၀	အသင့်အတင့်	လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။
၁၀၁ - ၁၅၀	ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ	လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် ဘိုးရိမ်ဖွယ်မရှိပါ။
၁၅၁ - ၂၀၀	ကျန်းမာရေး ထိခိုက်စေ	လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။
၂၀၁ - ၃၀၀	ကျန်းမာရေးကို အလွန်ထိခိုက်စေ	ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။
၃၀၁ - ၅၀၀	အန္တရာယ်ရှိ	ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့်အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။

ဘွဲ့ရရှိခြင်းထက် ဘွဲ့နှင့်ထိုက်တန်စွာ နေထိုင်ခြင်း

ဇော်သုတ(အခြေခံပညာ)

ကိုယ်ကျင့်တရား၊ တာဝန်ယူမှုနှင့်
တစ်သက်တာပညာရှာဖီးမှုတို့ဖြင့်
ဘွဲ့ဂုဏ်သိက္ခာကို ဖော်ဆောင်ခြင်း

တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှု ခရီးစဉ်တစ်ခုပြီးဆုံးခြင်းကိုသာ ကိုယ်စားပြုခြင်း မဟုတ်ဘဲ လူမှုအသိုက်အဝန်းအတွင်း ပိုမိုကျယ်ပြန့်သော တာဝန်များကို ထမ်းဆောင်ရန် စတင်ခြင်း ဖြစ်သည်။ ဘွဲ့တစ်ခုရရှိခြင်းသည် သက်ဆိုင်ရာ ပညာရပ်တွင် လေ့လာသင်ယူခဲ့မှုကို အသိအမှတ် ပြုခြင်းဖြစ်သကဲ့သို့ ထိုပညာနှင့် ထိုက်တန်သော အပြုအမူ၊ အပြောအဆိုနှင့် ကိုယ်ကျင့်တရားတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း တာဝန်ရှိလာ စေသည်။

ထို့ကြောင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များအား အလေး အနက်ထား၍ ကတိပြုမေးမြန်းလေ့ရှိသည့် မေးခွန်း များမှာ အဓိပ္ပာယ်ပြည့်ဝလှသည်။ ယင်းတို့မှာ **“ပညာရေးအဖွဲ့က ထောက်ခံချက်ပေးပြီးဖြစ်သော ဘွဲ့များကို မောင်မယ်တို့အား အပ်နှင်းလိုက်သော အခါ နေ့စဉ်နေ့တိုင်း နေထိုင်ပြောဆိုမှုဖြင့် တက္ကသိုလ် ဘွဲ့ရများနှင့် သင့်လျော်ထိုက်တန်စွာ နေထိုင် ပြောဆိုပါမည်ဟု ရိုးသားဖြောင့်မတ်စွာ ကတိပြု ကြမည်လော။”** နှင့် **“ကိုယ်ကျင့်တရား ကောင်းမွန် မှုနှင့် မွန်မြတ်သော ပညာရှိမှုကို အခွင့်အရေး အဖွဲ့မီးသတ္တိရှိသမျှ ထိန်းသိမ်းစောင့်ရှောက်ပါ မည်ဟု ကတိပြုကြမည်လော။”** ဟူ၍ ဖြစ်သည်။ ထိုမေးခွန်းများကို ဘွဲ့ရမောင်မယ်အားလုံးက **“ကတိပြုပါသည်”**ဟု တညီတညွတ်တည်း ဖြေကြား ကြသည်။

ယင်းကတိစကားသည် အခမ်းအနားတစ်ခု အတွင်း ဖြေကြားရသည့် စကားမျှသာမဟုတ်ဘဲ ဘွဲ့ရရှိပြီးနောက် လူမှုဘဝတစ်လျှောက် လက်တွေ့ လိုက်နာကျင့်သုံးရမည့် ကိုယ်ပိုင်တာဝန်နှင့် လူမှု တာဝန်ကို သတိပေးနေခြင်းဖြစ်သည်။ ဘွဲ့ဂုဏ် သိက္ခာ၏တန်ဖိုးကို ဘွဲ့လက်မှတ်တစ်စောင်ဖြင့်သာ တိုင်းတာ၍မရဘဲ နေ့စဉ်ဘဝတွင် မည်သို့နေထိုင် ပြောဆိုပြီး မည်သို့ပြုမူဆောင်ရွက်သည်ဆိုသည့် အချက်များဖြင့်လည်း ဖော်ပြနိုင်သည်။

ဘွဲ့နှင်းသဘင်၏ အဓိပ္ပာယ်သည် ဘွဲ့လက်မှတ် ရရှိခြင်းနှင့် အခမ်းအနား ပြီးဆုံးခြင်းတို့တွင်သာ ရပ်တန့်မနေသင့်ပေ။ ဘွဲ့ရရှိပြီးနောက် မိမိ၏ နေ့စဉ်ဘဝ၊ လူမှုဆက်ဆံရေးနှင့် လုပ်ငန်းဆောင်တာ များတွင် ထိုဘွဲ့၏ ဂုဏ်သိက္ခာကို မည်သို့ထိန်းသိမ်း သွားမည်ဆိုသည့်အချက်က ပိုမိုအရေးကြီးလာ သည်။

နေ့စဉ်အပြုအမူနှင့် အပြောအဆိုက
ဘွဲ့ဂုဏ်သိက္ခာကို ဖော်ပြခြင်း

ဘွဲ့ရပညာတတ်တစ်ဦး၏ ဂုဏ်သိက္ခာသည် လူအများရှေ့တွင်သာ ထင်ရှားစေရမည့်အရာ မဟုတ်ဘဲ နေ့စဉ်တွေ့ကြုံရသော အခြေအနေတိုင်း တွင် ထိန်းသိမ်းရမည့်အရာဖြစ်သည်။ မိသားစုဝင် များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လူမှုအသိုက်အဝန်းအတွင်းရှိ အခြားသူများအပေါ် ယဉ်ကျေးလေးစားစွာ ဆက်ဆံခြင်း၊ အမှန်တရား ကို အခြေခံ၍ပြောဆိုခြင်း၊ အခြားသူ၏ အမြင်နှင့် အခွင့်အရေးကို လေးစားခြင်းတို့သည် ဘွဲ့ရပညာ တတ်တစ်ဦး၏ အခြေခံအမူအကျင့်များဖြစ်သည်။

ထို့ပြင် ပညာအရည်အချင်းရှိခြင်းကို အကြောင်း ပြု၍ မာနထားခြင်း၊ အခြားသူများကို အထင်သေး ခြင်း၊ ရာထူးအာဏာ သို့မဟုတ် ပညာအရည်အချင်း ကို အသုံးချ၍ ဖိအားပေးခြင်းတို့ကို ရှောင်ကြဉ် ရမည်။ အများပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာ ခြင်း၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို လိုက်နာခြင်း၊ အချိန်ကို တန်ဖိုးထားခြင်းနှင့် မိမိ ပတ်ဝန်းကျင်အပေါ် တာဝန်သိစွာပြုမူခြင်းတို့သည် လည်း နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် အပြုအမူများဖြစ်သည်။

အွန်လိုင်းလူမှုကွန်ရက်များတွင်လည်း သတင်း အချက်အလက်များကို စိစစ်ပြီးမှမျှဝေခြင်း၊ အခြား သူများ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ရေးကိုယ်တာကို လေးစားခြင်းတို့ကို မမေ့သင့်ပေ။ ဤသို့သော အပြုအမူများသည် ဘွဲ့ရရှိသူတစ်ဦး၏ ဂုဏ်သိက္ခာ ကိုသာမက မိမိဘွဲ့ရရှိခဲ့သည့် တက္ကသိုလ်၏ ဂုဏ်သတင်းကိုပါ ထိန်းသိမ်းပေးနိုင်သည်။

ကိုယ်ကျင့်တရားနှင့်
ရိုးသားဖြောင့်မတ်မှုကို အခြေခံခြင်း

ပညာအရည်အချင်းနှင့် ကိုယ်ကျင့်တရားသည် တစ်ခုနှင့်တစ်ခု ခွဲခြားခြင်းမရသော အရည်အသွေး များဖြစ်သည်။ ပညာတတ်သူတစ်ဦးသည် မိမိ သိရှိထားသောပညာကို မှန်ကန်သည့် ရည်ရွယ် ချက်ဖြင့် အသုံးချနိုင်ရန် လိုအပ်သကဲ့သို့ မိမိ၏ လုပ်ရပ်အပေါ် တာဝန်ယူနိုင်ရန်လည်း လိုအပ်သည်။ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ ကတိတည်မှု၊ ကိုယ်ချင်းစာ တရားနှင့် အမှားကိုဝန်ခံပြုပြင်နိုင်မှုတို့သည် လူတစ်ဦး၏တန်ဖိုးကို မြှင့်တင်ပေးသည့် အခြေခံ အရည်အသွေးများဖြစ်သည်။

ပညာရှာဖီးရာတွင်လည်း အခြားသူ၏ အတွေး အမြင်နှင့် လက်ရာများကို မိမိပိုင်သကဲ့သို့ မဖော် ပြခြင်း၊ ကိုးကားရမည့် အရင်းအမြစ်များကို မှန်ကန် စွာ ဖော်ပြခြင်း၊ သုတေသနရလဒ်များကို အမှန် အတိုင်း တင်ပြခြင်းတို့သည် ပညာရေးဆိုင်ရာ ရိုးသားမှု၏ အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်သည်။ အကျိုးအမြတ်ရရှိရေးအတွက် မမှန် မကန်ပြောဆိုခြင်း၊ မသမာသောနည်းလမ်းများ အသုံးပြုခြင်းနှင့် အခြားသူ၏ အခွင့်အရေးကို ထိခိုက်စေခြင်းတို့သည် ဘွဲ့ဂုဏ်သိက္ခာနှင့် ဆန့်ကျင်နေသည်။

ထို့ကြောင့် ပညာအရည်အချင်းကို ကိုယ်ကျင့် တရားကောင်းမွန်မှုနှင့် တွဲဖက်ဖော်ဆောင်ခြင်း သည် ဘွဲ့ရပညာတတ်တစ်ဦးအတွက် မရှိမဖြစ် လိုအပ်သည်။ ဘွဲ့တစ်ခုကိုရရှိရုံနှင့် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရသကဲ့သို့ ဘွဲ့၏ဂုဏ်သိက္ခာကို ထိန်းသိမ်း ရန်လည်း နေ့စဉ်ဘဝတွင် ကိုယ်ကျင့်တရား ကောင်းမွန်မှုကို အမြဲစောင့်ထိန်းရမည်ဖြစ်သည်။

ဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို
လေးစားလိုက်နာခြင်း

ပညာတတ်တစ်ဦးသည် မိမိ၏ အခွင့်အရေး များကို သိရှိနားလည်ရုံသာမက မိမိထမ်းဆောင် ရမည့် တာဝန်များကိုလည်း သိရှိလိုက်နာရမည်။ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ အများပြည်သူ ဆိုင်ရာ စည်းမျဉ်းများ၊ လုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် မိမိဝင်ရောက်လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းနယ်ပယ်၏ ကျင့်ဝတ် စံနှုန်းများကို လေးစားလိုက်နာခြင်းသည် ဘွဲ့ရရှိ သူတိုင်းအတွက် အရေးကြီးသော တာဝန်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံဝန်ထမ်းများ၊ ဥပဒေပညာရှင် များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ စာရင်းစစ် များနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်သူများသည် မိမိတို့နယ်ပယ် အလိုက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းနှင့် ကျင့်ဝတ်များကို တိကျစွာလိုက်နာရမည်။ ရာထူး နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်း၊ မမှန်မကန်ပြောဆိုခြင်းနှင့် အခြားသူများ၏ အခွင့်အရေးကို ချိုးဖောက်ခြင်း တို့သည် ဘွဲ့ရပညာတတ်တစ်ဦး၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သည်။

ဥပဒေကို လိုက်နာခြင်းသည် ပြစ်မှုကျူးလွန် ခြင်းမှ ရှောင်ကြဉ်ရုံသာမက အခြားသူများ၏ အခွင့် အရေးနှင့်လုံခြုံမှုကို လေးစားခြင်း၊ အများပြည်သူ အကျိုးကို ထိခိုက်စေမည့် အပြုအမူများကို ရှောင်ကြဉ်ခြင်းတို့နှင့်လည်း သက်ဆိုင်သည်။

မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးဥပဒေ တွင် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရေး၊ ကိုယ်ကျင့်တရားနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက် မှုရှိစေရေး၊ ဥပဒေနှင့် နိုင်ငံသားတာဝန်များကို လေးစားလိုက်နာစေရေးတို့ကို ပညာရေးရည်မှန်း ချက်များအဖြစ် ထည့်သွင်းဖော်ပြထားသည်။ ယင်းရည်မှန်းချက်များသည် ပညာရေး၏ အကျိုး ရလဒ်ကို ပညာအရည်အချင်းတစ်ခုတည်းဖြင့် မသတ်မှတ်ဘဲ တာဝန်သိသော နိုင်ငံသားကောင်း တစ်ဦးဖြစ်လာရေးနှင့်ပါ ချိတ်ဆက်ထားကြောင်း ဖော်ပြနေသည်။

သို့ရာတွင် ဘွဲ့ရရှိသူတိုင်းအတွက် တူညီသော အထူးစည်းကမ်းတစ်ရပ်တည်းရှိသည်ဟု မဆိုနိုင် ပေ။ လုပ်ကိုင်သည့် အလုပ်အကိုင်၊ အသက်မွေးဝမ်း ကျောင်းပညာရပ်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်း အလိုက် လိုက်နာရမည့် စည်းမျဉ်းများ ကွဲပြားနိုင် သည်။ မည်သည့်နယ်ပယ်တွင် တာဝန်ထမ်းဆောင် သည်ဖြစ်စေ မိမိ၏ အခွင့်အာဏာကို အလွဲသုံးစား မပြုခြင်း၊ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ကြဉ်ခြင်း နှင့် အများပြည်သူ၏ ယုံကြည်မှုကို တန်ဖိုးထားခြင်း တို့သည် ဘွဲ့ရပညာတတ်တစ်ဦး၏ တာဝန်ယူမှုကို ပြသသည့် အချက်များဖြစ်သည်။

ပညာကို တစ်သက်တာ
ဆက်လက်ရှာဖီးခြင်း

ဘွဲ့ရရှိခြင်းသည် ပညာသင်ယူမှု၏ နောက်ဆုံး အဆင့်မဟုတ်ဘဲ ဆက်လက်လေ့လာသင်ယူရန် အခြေခံတစ်ခုဖြစ်သည်။ လူမှုဘဝနှင့် လုပ်ငန်းခွင် များသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေ သဖြင့် ယခင်ကရရှိထားသော အသိပညာများ ကိုသာ အားကိုးနေ၍ မလုံလောက်တော့ပေ။ စာပေဖတ်ရှုခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သင်တန်း များတက်ရောက်ခြင်း၊ အတွေ့အကြုံရှိသူများထံမှ သင်ယူခြင်းနှင့် နည်းပညာအသစ်များကို လေ့လာ ခြင်းတို့ဖြင့် မိမိ၏အသိပညာနှင့် စွမ်းရည်ကို အမြဲတိုးတက်အောင် ဆောင်ရွက်သင့်သည်။

ထို့သို့ တစ်သက်တာပညာရှာဖီးခြင်းသည် မိမိ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင် တိုးတက်မှုအတွက်သာမဟုတ်ဘဲ လူမှုအသိုက် အဝန်းအတွက်လည်း အကျိုးရှိစေသည်။ မိမိသိရှိ ထားသောပညာကို အခြားသူများနှင့် မျှဝေခြင်း၊ လူမှုရေးပြဿနာများကို ပညာအခြေခံ၍ ဖြေရှင်း ရန် ကြိုးပမ်းခြင်းနှင့် လူ့အဖွဲ့အစည်း၏ လိုအပ် ချက်များကို နားလည်တုံ့ပြန်ခြင်းတို့သည် မွန်မြတ် သော ပညာရှာဖီးမှု၏ အဓိပ္ပာယ်ကို ပိုမိုပြည့်စုံ စေသည်။ ပညာသည် မိမိတစ်ဦးတည်းအတွက်သာ အသုံးချရမည့်အရာမဟုတ်ဘဲ အများအကျိုး အတွက်ပါ အသုံးဝင်စေရမည့် အဖိုးတန်အရင်းအမြစ် ဖြစ်သည်။

စံနမူနာကောင်းများမှ
အတုယူလေ့လာခြင်း

ကမ္ဘာ့သမိုင်းတွင် ပညာအရည်အချင်းနှင့် ကိုယ်ကျင့်တရား၊ လူမှုတာဝန်ယူမှုတို့ကို ပေါင်းစပ် ဖော်ဆောင်ခဲ့ကြသူများစွာရှိသည်။ ဘွဲ့ဂုဏ် သိက္ခာကို ထိန်းသိမ်းခြင်းနှင့် ပညာကို အများ အကျိုးအတွက် အသုံးချခြင်းတို့ကို မြန်မာနိုင်ငံ၏ သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် နိုင်ငံတကာစံနမူနာများ မှလည်း လေ့လာနိုင်သည်။ မြန်မာနိုင်ငံသား ဦးသန့် သည် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး နိုင်ငံတကာပြဿနာများရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သူ၏ ဘဝဖြတ်သန်းမှုသည် အသိပညာ၊ အမြော်အမြင် နှင့် တာဝန်ယူမှုတို့ကို ပေါင်းစပ်၍ အများအကျိုး အတွက် အသုံးချနိုင်ကြောင်း ပြသသည့် ဥပမာ တစ်ခုဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ၏ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဒုလ်ကလမ်သည် သိပ္ပံနှင့် အင်ဂျင် နီယာပညာရပ်များကိုအခြေခံ၍ အာကာသ နည်းပညာနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထူးခြားသော အောင်မြင်မှုများ ရရှိခဲ့သဖြစ်သည်။ ထူးချွန် သော ပညာရှင်တစ်ဦးဖြစ်သော်လည်း နိမ့်ခွဲ မှုရှိခြင်း၊ လူငယ်များအား အသိပညာမျှဝေပေး ခြင်းနှင့် နိုင်ငံအကျိုးအတွက် အစဉ်ကြိုးပမ်းခြင်း တို့ကြောင့် လူအများ၏ လေးစားမှုကို ရရှိခဲ့သည်။ ၎င်းတို့၏ဘဝများမှ ရရှိနိုင်သော သင်ခန်းစာမှာ ဘွဲ့အမည်နှင့် ရာထူးအဆင့်အတန်းထက် မိမိ၏ ပညာကို မည်မျှရိုးသားစွာ အသုံးချသည်၊ မိမိတာဝန် ကို မည်မျှကျေပွန်စွာထမ်းဆောင်သည်နှင့် အများ အကျိုးအတွက် မည်မျှအထောက်အကူပြုသည် ဆိုသည့်အချက်များက ပိုမိုအရေးကြီးကြောင်း ဖြစ်သည်။

ၾကယ်ပြင်းတို့၏ ဘဝဖြတ်သန်းမှုများမှ ပညာအရည် အချင်းသည် ကိုယ်ပိုင်အောင်မြင်မှုအတွက်သာမက လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာအသိုက်အဝန်း အတွက်ပါ အကျိုးပြုနိုင်ကြောင်း လေ့လာနိုင်သည်။ စံနမူနာကောင်းများကို အတုယူခြင်းဆိုသည်မှာ ၎င်းတို့၏ ရာထူးနှင့် အောင်မြင်မှုများကိုသာ ကြည့်ရှုခြင်းမဟုတ်ဘဲ တာဝန်ယူမှု၊ ရိုးသား ဖြောင့်မတ်မှု၊ အများအကျိုးကို ဦးစားပေးမှုနှင့် ပညာကို *စာမျက်နှာ ၁၇ သို့*

> **“ပညာအရည်အချင်းရှိခြင်းကို အကြောင်းပြု၍ မာနထားခြင်း၊ အခြားသူများကို အထင်သေးခြင်း၊ ရာထူးအာဏာ သို့မဟုတ် ပညာအရည်အချင်းကို အသုံးချ၍ ဖိအားပေးခြင်းတို့ကို ရှောင်ကြဉ်ရမည်။ အများပိုင်ပစ္စည်းများကို ထိန်းသိမ်း ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာခြင်း၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို လိုက်နာခြင်း၊ အချိန်ကို တန်ဖိုးထားခြင်းနှင့် မိမိ ပတ်ဝန်းကျင်အပေါ် တာဝန်သိစွာပြုမူခြင်းတို့သည်လည်း နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် အပြုအမူများဖြစ်”**

ပန်းတောင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာနှင့် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေးဆွေးနွေး

ပန်းတောင်း နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်သိရှိလိုက်နာဆောင်ရွက်နိုင်ရေးနှင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တင်



ဆောင်ရွက်နိုင်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် တားမြစ်ထားသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးမပြုကြရေးတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ပိုင်းခန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

ဒလမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဒလမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ ယနေ့ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နိုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် အခွန်ထမ်းပြည်သူ



များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မင်းလှမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်း နမူနာကွင်းဆင်းကောက်ယူ

အထက်မင်းလှ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ



၂၀၂၆ ခုနှစ်အတွင်း တစ်နိုင်ငံလုံးဆိုင်ရာ တိရစ္ဆာန်ကောင်ရေစာရင်း နမူနာကွင်းဆင်းကောက်ယူခြင်းကို မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယမန်နေ့ တွင် ရုံးရပ်ကွက်တောင်ပိုင်း၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခေတ္တခဲ့မှုးစိန်ဝင်းနှင့်အဖွဲ့ဝင်များက ရုံးရပ်ကွက်တောင်ပိုင်း၌ အိမ်ထောင်စုများ မွေးမြူထားသော တိရစ္ဆာန်စာရင်းများ ကိန်းဂဏန်းမှန်ကန်စွာ ရရှိစေရေးအတွက် နမူနာကွင်းဆင်းကောက်ယူခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ထားဝယ်မြို့၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

ထားဝယ် နိုဝင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်



စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နီနီရိန်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းတို့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများသည် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနိုင်သဖြင့် တောင်သူလယ်သမားများအနေဖြင့် ကြိုတင်သိရှိနားလည်ပြီး လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို အချိန်မီလုပ်ဆောင်နိုင်ရန် ပြောကြားကာ ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ဌေဇင်ယော်(ထားဝယ်)**

❖ အဝတ်အစားအနည်းငယ်အတွက် အဝတ်လျှော်စက်ကိုမသုံးဘဲ အဝတ်လျှော်စက်အတွင်း အဝတ်အပြည့်ရှိမှသာ စက်ဖြင့်လျှော်ဖွပ်ရမည်။

အမရပူရမြို့နယ်၌ အယ်လ်နီညိုသဘာဝဘေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြော



အမရပူရ နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုသဘာဝဘေးနှင့် ပတ်သက်၍ ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ မြစ်အင်းကျေးရွာရှိ မဓူရုံ၌ အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ဆောင်ရွက်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပမအေးနှင့်ဝန်ထမ်းများက ရေကို စနစ်တကျသုံးစွဲရေးနှင့် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောပြီးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **လွဲလွဲခိုင်**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က တက်ရောက်လာသည့် သင်တန်းသားများအား သင်တန်းသားတူညီဝတ်စုံများ ပေးအပ်စဉ်။

အိရွှေစင်လတ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက် အနောက်ရပ်ကွက်ရှိ ဗဟိုစံပြငါးစွေး၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့က မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး၊ စွေးတာဝန်ခံ၊ စွေးသာယာရေးအဖွဲ့တို့နှင့်ပူးပေါင်း၍ မီးသတ်ဆေးဘူးများ အသင့်ထားရှိရေး၊ မီးသတ်စက်ငယ်များ အရေးပေါ်အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုတို့ကို နိုဝင်ဘာ ၂ ရက်က စွေးအတွင်း၌ လိုက်လံစစ်ဆေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

စာမျက်နှာ ၁၆ မှ

ဆက်လက်ရှာဖွေးသည့် စိတ်ဓာတ်တို့ကို မိမိဘဝတွင် လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။

တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ရမောင်မယ်များ ဖြေကြားခဲ့သော **"ကတိပြုပါသည်"** ဟူသည့်စကားသည် အခမ်းအနားပြီးဆုံးသည်နှင့် အဆုံးသတ်သွားသည့် စကားမဟုတ်ပေ။ နေ့စဉ်နေထိုင်ပြောဆိုမှုတိုင်းတွင် ရိုးသားဖြောင့်မတ်ရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ ဥပဒေနှင့် စည်းကမ်းများကို လေးစားလိုက်နာရန်၊ ပညာကို ဆက်လက်ရှာဖွေးရန်နှင့် မိမိတတ်မြောက်ထားသော ပညာဖြင့် အများအကျိုးကို ဆောင်ရွက်ရန် သတိပေးနေသည့် တစ်သက်တာကတိတစ်ရပ်ဖြစ်သည်။

ဘွဲ့တစ်ခု၏တန်ဖိုးသည် ဘွဲ့လက်မှတ်ပေါ်တွင် ရေးသားထားသော အမည်နှင့် ပညာရပ်အဆင့်အတန်းသာ မဟုတ်ပါ။ ထိုဘွဲ့ကို ရရှိထားသူ၏ အပြုအမူ အပြောအဆို၊ ကိုယ်ကျင့်တရားနှင့် လူမှုတာဝန်ယူမှုတို့တွင် ပိုမိုထင်ရှားစွာ ပေါ်လွင်နေသည်။ ဘွဲ့ရှိသူတစ်ဦး၏ စကားသည် ရိုးသားမှုကို ဖော်ပြရမည်၊ လုပ်ရပ်သည် တာဝန်ယူမှုကို ပြသရမည်၊ စိတ်ထားသည် ကိုယ်ကျင့်တရားကောင်းမွန်မှုကို ထင်ဟပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ဘွဲ့ရှိသူတိုင်းသည် မိမိ၏ဘွဲ့ဂုဏ်သိက္ခာကို နေ့စဉ်ဘဝတွင် လက်တွေ့ထိန်းသိမ်းပြီး ပညာနှင့် ကိုယ်ကျင့်တရားကို ပေါင်းစပ်ကာ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသူများ ဖြစ်လာစေရန် ကြိုးပမ်းသင့်သည်။ **ဘွဲ့ကိုရရှိခြင်းသည် အောင်မြင်မှုဖြစ်သော်လည်း ဘွဲ့နှင့်ထိုက်တန်သော လူတစ်ဦး အဖြစ် နေထိုင်ခြင်းသည် ပိုမိုမြင့်မြတ်သော အောင်မြင်မှုဖြစ်သည်။** ထိုသို့ ဘွဲ့ရမောင်မယ်တိုင်းက မိမိတို့၏ကတိသစ္စာကို လက်တွေ့ဘဝတွင် တည်ကြည်စွာ အကောင်အထည်ဖော်နိုင်ကြပါက တက္ကသိုလ်၏ ဂုဏ်သိက္ခာ၊ ပညာရေး၏ တန်ဖိုးနှင့် လူ့အဖွဲ့အစည်း၏ ယုံကြည်လေးစားမှုတို့သည် လည်း အစဉ်တည်တံ့နေမည် ဖြစ်ပါသည်။ ။

o o o

မိုင်းခတ်မြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

မိုင်းခတ် နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဝမ်ခုတ်ကျေးရွာအုပ်စု ပင်းကွေ(လားဟု)ကျေးရွာ ဘက်စုံသုံး ခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်



နှင့် တာဝန်ရှိသူများ လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ သတင်းတု သတင်းမှားများ အကြောင်း မြန်မာဘာသာနှင့် လားဟူဘာသာတို့ဖြင့် အသိပညာပေး ဟောပြောပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်ပြဘုတ်တို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

၂၀၂၇ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

နေပြည်တော် နိုဝင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်ပါသည်။ ၂၀၂၇ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို စက္ကူဖြူချောဖြင့် တစ်စောင်လျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ (ဖုန်း-၀၆၇-၃၄၁၆၈၁)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ (ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈)၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်-၁၅၉၊ ၈၆လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့(ဖုန်း-၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့်အသင်းအဖွဲ့များမှ လက်ကား ဝယ်ယူလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ငပုတောမြို့နယ်၌ မကျည်းပင်တိုက်နယ်ဆေးရုံ ကွင်းဆင်းစစ်ဆေး

ငပုတော နိုဝင်ဘာ ၂

ရော်ဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟသည် ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ်ရှိ မကျည်းပင် တိုက်နယ်ဆေးရုံသို့သွားရောက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် ဆေးရုံအတွင်းရှိ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆရာဝန်ဆောင်၊ အမှိုက်မီးရှို့ဆောင်၊ ရင်ခွဲရုံနှင့် ရင်ခွဲရုံသွားသောလမ်းအပြင် ဆေးရုံအဝင် အုတ်တံတိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ



သတ်မှတ်အချိန်ဓိပ္ပါးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အောင်သူ(ပြန်/ဆက်)



အလုံမြို့နယ်၌ အခွန်ဆိုင်ရာအကြောင်း အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

ယောရော(ပြန်/ဆက်)

ကျုံပျော်မြို့နယ် ရွာသာယာကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ကျုံပျော် နိုဝင်ဘာ ၂

ရော်ဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွာသာယာကျေးရွာ၌ အယ်လ်နီညိုရာသီဥတု ကာလအတွင်း သောက်သုံးရေဖူလုံစွာ ရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကျုံပျော်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးတင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ရွာသာယာကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး မော်တာနှင့် ကွန်ပရက်ဆာ တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ သန်း ၃၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် စက်တင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၈၃၁ ဦးတို့အတွက် နွေရာသီကာလ သောက်သုံးရေ အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

စန္ဒာလွင်(ကျေးလက်)

တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



တိုက်ကြီး နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းကျော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်တို့က သင်တန်းတွင် အသုံးပြုရန်အတွက် ဆေးသေတ္တာကို ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၅၀ ကို နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

ဝတ်ရည်(ပြန်/ဆက်)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ထိရောက်စွာ ကာကွယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်က သင်တန်းသားများအတွက် အရန်မီးသတ် တူညီဝတ်စုံများ ပေးအပ်သည်။



အဆိုပါ နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ ရက်သတ္တပတ် လေးပတ်အား သင်တန်းသား ၅၀ ဖြင့် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

သန်းသန်းအေး

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးသတ်ယူနီဖောင်းဝတ်စုံများ ပေးအပ်သည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ တစ်လကြာ၊ သင်တန်းသား ၅၀ ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမန္တူ

ကြို့ပင်ကောက်မြို့နယ်၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



ကြို့ပင်ကောက် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဥက္ကံ၊ ကျွန်ကုန်း၊ ဖလံကုန်း၊ နဘဲကုန်း စသည့်ကျေးရွာလေးရွာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် လက်ရှိရေအရင်းအမြစ်များနှင့် ရေသုံးစွဲမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေး ဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားစေရေးဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင် ရွှေတောင်မြို့နယ်ကြို့ကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း ရေဆင်းပေါ်ဆန်းမျိုးစပါးဧက ၁၀၀ ရိတ်သိမ်းနေမှုကိုယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နွေစပါးမစိုက်ပျိုးမီ ဆောင်းသီနှံအဖြစ် ဆီထွက်ပဲပုပ်စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နတ်တလင်းမြို့ မြို့မရပ်ကွက်၌ ဆိုလာစနစ်ဖြင့် ဆန်စက်လည်ပတ်နေသည့် ဦးသန်းထိုက်၏ ဧမ္မာဝင်းဆန်စက်ကို သွားရောက်အားပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စပါးအခြောက်ခံစက်များကိုလည်း တွဲဖက်သုံးစွဲရန်မှာကြားခဲ့ပြီး Export ဆန်ကြိတ်ခွဲနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ဇီးကုန်းမြို့မဈေးအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ငွေကျပ် ၁၁၅ သိန်းဖြင့် အကျယ် ၉၆ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၁၂ ပေရှိ ဈေးရုံအသစ် ထပ်မံတည်ဆောက်ပေးမည့်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ ဈေးအတွင်း ဈေးသူ/သားများအား ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ သပြေကုန်းကျေးရွာ၌ မွေးမြူရေး လုပ်ငန်းရှင် ဦးစိုးနိုင်၏ အသားတိုးဝက်နှင့် မျိုးဝက်များ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်မွေးမြူနိုင်ရေး၊ ဒေသဝက်နှင့် ဒေသကြက်တို့ကို တွဲဖက်တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဧမ္မာသီရိမြို့နယ် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၂

ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေပြီး သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ နှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအား ဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မာသီရိမြို့နယ်ရှိ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များ နှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက်တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ရွှေကုန်ကြိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



နေပြည်တော် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၁၄၄၆)၊ အကျယ်အဝန်း ပေ(၄၀) xပေ(၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်တို့ကို ဒေါ်မေဇော်စိုးဦးက ငွေကြေးစိုက်ထုတ်၍ ဝယ်ယူရာတွင် အရောင်း အဝယ်ကိစ္စနှင့် ရုံးပိုင်းဆိုင်ရာကိစ္စများကိုထဲထဲဝင်ဝင် ဆောင်ရွက်နိုင်ရန် ဦးလေးတော်စပ်သူ (အဒေါ် တစ်ဝမ်းကွဲ၏ခင်ပွန်း) ဦးစောသမိန်စိုး ၁၀/သဖရ (နိုင်)၀၂၆၀၄၃အား ဝယ်ယူသူအမည် နေရာတွင် အမည်ခံအမည်ငှားအဖြစ် ထည့်သွင်းခဲ့ပြီးနောက် ဦးစောသမိန်စိုး နှင့် ဒေါ်မေဇော်စိုးဦးအမည်ဖြင့်မြေငှားဂရန်စာချုပ် လျှောက်ထားရရှိခဲ့ကြောင်း (၈–၆–၂၀၂၆) ရက်တွင် ကြေးမုံသတင်းစာ စာမျက်နှာ (၂၄)တွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံကို ဒေါ်မေဇော်စိုးဦးက ဒေါ်ဥမ္မာ အပါအဝင် မည်သူ့ကိုမျှ ရောင်းဖိုးငွေလက်ခံ၍ အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်၍ ရောင်းချခဲ့ဖူးခြင်း မရှိသည့်အပြင် ၎င်းကိုယ်စားလက်မှတ်ထိုး ရောင်းချရန် မည်သူ့ကိုမျှ တရားဝင်ကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ဖူးခြင်းမရှိပါသဖြင့် ဒေါ်ဥမ္မာ၏ ကြေညာချက်ကို လိုက်နာရန် တာဝန်မရှိပါကြောင်း၊ ဒေါ်မေဇော်စိုးဦး ချုပ်ဆိုထားခြင်း မရှိသည့် စာချုပ်များနှင့် ပတ်သက်၍လည်း ဒေါ်မေဇော်စိုးဦးက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဖြစ်ပေါ်လာသောကိစ္စအဝဝသည် ဆောင်ရွက်သူနှင့် လက်ခံသူတွင်သာ တာဝန်ရှိပါကြောင်းအများသိစေရန် ကြေညာပါသည်။

ဒေါ်မေဇော်စိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမွန်အောင် (LL.B, LL.M)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၇၂)
အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၀၉– ၇၉၉၉၁၁၁၆၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ် (၅၀၉)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ (၆၀) ပေရှိ ဦးပေါင်ခန်တန်အမည်ပေါက် ပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွန်း ၉/ပဘန (နိုင်)၀၀၀၁၆၅ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ–	**လွှဲအပ်ညွှန်ကြားချက်အရ–**
ဒေါ်မေလာနီ	**ဒေါ်နုနုလှိုင် (LL.B) (D.B.L) (D.I.P.L)**
၁၄/မမက(နိုင်)၃၁၆၂၄၃	**တရားလွှတ်တော်ရှေ့နေ**
	စဉ်–၁၅၂၂၃ (၂၇–၁၂–၂၀၁၈)
	အမှတ် (၇၅၀)၊ ဗေဒါ (၂) လမ်း၊ (၈) ရပ်ကွက်၊
	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
	ဖုန်း– ၀၉–၂၅၀၆၅၈၃၃၆

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၃/၂၀၂၆–၂၀၂၇)

၁။ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်/ ကြီးကြပ်ရေးအဖွဲ့(ရခိုင်) တို့မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စစ်တွေ မြို့နယ်၊ စစ်တွေ–ပလ္လင်ပြင်လမ်းပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် (မြန်မာကျပ်ငွေ)ဝယ်ယူလိုပါ၍ စိတ်ဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအနေဖြင့် လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။

၂။ **လျှောက်လွှာ ရောင်းချမည့်ရက်**	–	၅–၁၁ –၂၀၂၆ ရက်မှ ၁၉– ၁၁ –၂၀၂၆ ရက်ထိ
လျှောက်လွှာ ရောင်းချမည့်အချိန်	–	နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီထိ
လျှောက်လွှာပိတ်မည့် ရက်/အချိန်	–	၁၉–၁၁–၂၀၂၆ ရက်၊ ညနေ(၄:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်	–	၂၁ – ၁၁ –၂၀၂၆ ရက် (စနေနေ့) နံနက် (၉:၀၀)နာရီ
တင်ဒါဖွင့်လှစ်ရွေးချယ်မည့် နေရာ	–	ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေခရိုင် ဖုန်း–၀၉–၄၂၁၇၂၂၂၄၊ ၀၉–၄၂၄၃၃၈၀၈၄၊ ၀၉–၂၅၀၂၄၁၃၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ သူကောင်းတွင်း (၁)လမ်းနေ ဦးလင်းမင်းအောင် ၉/ခမစ(နိုင်)၀၀၅၃၄၆ (ဘ) ဦးစိန်ဝင်းသည် အစ်မဖြစ်သူ ဒေါ်သင်းသင်းနွယ် တစ်ဦးတည်း မူပိုင်အနေဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသော "ရွှေနဒီ" အလှကုန်ပစ္စည်းလုပ်ငန်းနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း၊ အကျိုးတူလုပ်ကိုင်ခြင်း လုံးဝမရှိပါကြောင်းနှင့် "ရွှေနဒီ" အလှကုန်လုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစ်မဖြစ်သူ ဒေါ်သင်းသင်းနွယ်နှင့် စပ်လျဉ်း၍လည်းကောင်း စီးပွားရေး၊ လူမှုရေးအရ သက်ဆိုင်ပတ်သက်ခြင်း လုံးဝ မရှိပါသဖြင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းမင်းအောင်က တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလင်းမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ကြည်ပြာအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၇၂)
အမှတ်(၆၆၉)၊ သာသနာ့ဒီပါရုံကျောင်းလမ်း၊ ရေဇရပ်၊
ရွာဘဲရပ်ကွက်၊ ပြည်မြို့

အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၆၅၉)နေ (ဦးသောင်းဟန်–ဒေါ်အေးမြတ်မြတ်ထွန်း) တို့၏ သားကြီး၊ ဒေါ်စန်းစန်းဌေး(၁၂/တမန(နိုင်)၀၇၀၅၀၉) ၏ မြေးဖြစ်သော မောင်ဇင်ဝင်းထိုက် ၁၂/ဒဂဆ(နိုင်)၀၄၉၁၈၉ သည် အဘွားဖြစ်သူနှင့် ဦးလေး၊အဒေါ် ဖြစ်သူတို့မှ အမျိုးမျိုးသွန်သင်ဆုံးမသော်လည်း နာခံမှုမရှိဘဲ မိသားစု စိတ်ဆင်းရဲ၊ အကြပ်အတည်းဖြစ်စေရန် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO DL–101 Switzerland)
အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)
အမှတ် (၇၉၅/ခ)၊ လေးကျွန်းဇေ့ဗူလမ်း၊ (၅၄) ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ဖုန်း – ၀၉–၄၅၆၁၃၃၄၄၆၊ ၀၉– ၇၇၅၀၀၈၃၆၅

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁၀/ Phase-2) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အဓိပတိ(၃)လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ မြေကွက်အမှတ်(၂၅၀/ ၂၀)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေအမျိုးအစား–ပါမစ်မြေ၊ မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်သက်တမ်းပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်(သက်တမ်းလွန်) အမည်ပေါက် ဦးအောင်ဇော်နိုင်(၁၂/လမတ (နိုင်)၀၂၅၇၅၈)မှ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁)ရပ်ကွက်၊ သီးသန့်လမ်း၊ အမှတ်(၇၈၃)နေ ဦးလမင်းထွန်း ၁၂/ဒဂရ (နိုင်) ၀၄၂၇၁၂ သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ဗိုလ်ဗထူး တန်ဖိုးမျှအိမ်ရာ၊ တိုက်အမှတ်–AA-4 ၊ အခန်းအမှတ် (၅၀၃)၊ ဒေါ်မေရှင်အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီပိုင် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာအေး ၁၂/ရကန (နိုင်)၀၂၅၈၈၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်း များနှင့် တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ–	**လွှဲအပ်ညွှန်ကြားချက်အရ–**
ဦးလမင်းထွန်း	**ဒေါ်နုနုလှိုင် (LL.B) (D.B.L)(D.I.P.L)**
၁၂/ဒဂရ(နိုင်)၀၄၂၇၁၂	**တရားလွှတ်တော်ရှေ့နေ**
	စဉ်–၁၅၂၂၃(၂၇–၁၂–၂၀၁၈)
	အမှတ်(၇၅၀)၊ ဗေဒါ(၂) လမ်း၊ (၈)ရပ်ကွက်၊
	ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
	ဖုန်း–၀၉ –၂၅၀၆၅၈၃၃၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်းအမှတ်(မ–၅၇)၊ ဦးစိုင်းဝေယံ ၉/ဇဗသ(နိုင်) ၀၀၂၃၅၁ အမည်ဖြင့် ထုတ်ပေးထားသော ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်) ထုတ်ယူခွင့်ပြုပါရန် "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း) ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်း ထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ) များတင်ပြပြီး "ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး(၁၄) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးစိုင်းဝေယံ အမည်ဖြင့် ထုတ်ပေးထားသော "ဈေးဆိုင်ခန်း အငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း) အားပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ "ဈေးဆိုင်ခန်း အငှားချထားခြင်း လိုင်စင်ကတ်"(မိတ္တူမှန်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ရန်နိုင်ရပ်)၊ ဦးပိုင်အမှတ် (၆၃)၊ မြေဧရိယာ (၀.၄၅၀)ဧကရှိ မြန်မာ့စီးပွားရေးဘဏ်(လယ်ဝေးမြို့) အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ မြေကွက်အမှတ်(၁၅)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ ၏ဒုတိယထပ်၊(၃လွှာ)(တိုက် ဘက်ကို မျက်နှာမူ၍ ကြည့်လျှင် ယာဘက်ခြမ်း)၊ ဧရိယာ(၁၂ပေခွဲx၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကိုအစဉ်အဆက် အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသူ ဒေါ်မြင့်သူဇာအောင် ၁၂/ဒဂတ(နိုင်)၀၅၃၈၀၇ (၎င်းကိုယ်စားတာဝန်ယူ လက်မှတ်ရေးထိုးသူ ခင်ပွန်း ဦးဘုန်းသက်ခိုင် ၁၂/သကတ(နိုင်)၂၀၀၀၆၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မမအောင် ၁၂/ကမတ(နိုင်)၀၀၁၀၆၁က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့)ဆက်ခံခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ် ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်မျိုးသူ(LLB)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၆၂)
အမှတ်(၉၁)၊၄–လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–၄၂၀၁၃၂၂၇၆

အများသိစေရန်

ဦးမျိုးမြင့် ၁၂/တမန(နိုင်)၀၀၄၈၆၇ မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးမျိုးမြင့် အမည်ပေါက်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃စီ၊ မြေကွက်အမှတ် (V–၅၉)၊ ပုဂံရည်ကုန်းရပ်ကွက်၊ ၁၄၈ လမ်း၊ တိုက်အမှတ်–၁၂ (၂၅x၅၀)ပေ၊ ဧရိယာ (၀.၀၂၉)ဧက အကျယ်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်ရှေ့မှကြည့်လျှင် ညာဘက်မြေညီထပ်နှင့် ပထမထပ်အလွှာတိုက်ခန်းအား သမီး မမိုးသိင်္ဂီမြင့်အောင်ထံ (၂၀–၁–၂၀၂၆) ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုလွှဲပြောင်းပေးအပ်ခဲ့ပြီး (၁၈–၃–၂၀၂၆) ရက် မြန်မာ့အလင်းသတင်းစာ၊ စာ–၂၉ တွင်ကြော်ငြာခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဖခင်နှင့် သမီး နှစ်ဦးသဘောတူညီချက်အရ ချုပ်ဆိုထားသော (၂၀–၁–၂၀၂၆) ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်နှင့် မြန်မာ့အလင်းသတင်းစာ ကြော်ငြာချက်အား ပြန်လည်ဖျက်သိမ်းလိုက်ပြီး၊ အဆိုပါ မြေနှင့်တိုက်ခန်း(၂) ခန်းအား ဖခင် ဦးမျိုးမြင့် ထံ ဂရန်ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ရတနာခိုင်ဖြူမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၀၉၅၁)
အမှတ်(၁၈)၊ စိတ္တသုခလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၄၂၃၂၃၅၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၇/၆၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (ဗန္ဓုလလမ်း ၂၀၁)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၁၇၄/၁၉၉၀–၁၉၉၁ အရ ဒုဗိုလ်မှူးကြီး သူရမောင်ကို အမည်ဖြင့် (၁၅–၈–၁၉၉၁ ရက်မှ ၁၄–၈–၂၀၂၁ ရက်ထိ) နှစ်(၃၀) ချထားပေးသော မြေအနက်မှ ဦးပိုင်အမှတ် (ဗန္ဓုလလမ်း ၂၀၁–က)၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေအား ဦးဝင်းထွန်း အမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကိုဤရုံးသို့ကန့်ကွက်လွှာကြော်ငြာသည့် (၁၇–၁၀–၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၇/၆၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ် (ဗန္ဓုလလမ်း ၂၀၁)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၁၇၄/၁၉၉၀–၁၉၉၁ အရ ဒုဗိုလ်မှူးကြီး သူရမောင်ကို အမည်ဖြင့် (၁၅–၈–၁၉၉၁ ရက်မှ ၁၄–၈–၂၀၂၁ ရက်ထိ) နှစ်(၃၀) ချထားပေးသော မြေအနက်မှ ဦးပိုင်အမှတ် (ဗန္ဓုလလမ်း ၂၀၁–ခ)၊ ဧရိယာ (၀.၀၅၅) ကေရှိ မြေအား ဒေါ်နွယ်လင်းထွန်း အမည်ဖြင့် မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၁၇–၁၀–၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
မုံရွာခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၂F)ကျောက်တိုင်ကန်ဘုရားရပ်၊ မြေကွက်အမှတ် (၂/၇က)၊ မြေဧရိယာ(၀.၀၅၀)ဧကရှိ မြေအား ဦးရန်လင်းသန့်မှ ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် 52W/49309၊ Luojia 110၊ M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်ဌေး ၇/အဖန(နိုင်)၀၆၉၈၅၈ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6709 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရွာသာကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး
ဒေါ်အေးရင်
အသက်(၉၅)နှစ်

မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ နယ်မြေ(၈)၊ အမှတ် (၈၅၂)နေ (ဦးတင်ယု- ဒေါ်အေးခင်)တို့၏သမီး၊ (ဦးအင်းဟုတ်(ခ) ဦးလူပျို)၏ဇနီး၊ (ဦးကံဝှက်)-ဒေါ်အေးအေးကြူ၊ ဒေါ်ကျင်ကျင်လှ၊ ဦးသိန်းဟုတ်(ကော်ပိုရိတ်ရေးရာအရာရှိချုပ်၊ အက်တမ်မြန်မာလီမိတက်)-ဒေါ်ပပဝင်း၊ ဒေါ်ခင်ခင်လှ၊ ဦးအေးလွင်- ဒေါ်အေးအေးမော်၊ ဒေါ်ထွေးထွေးမော်၊ ဦးသိန်းမင်းကြွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး(၉)ယောက်၊ မြစ် (၇)ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃၈၈- ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၇)ရက်၊(၂-၁၁-၂၀၂၆) ရက် (တနင်္လာနေ့)နံနက်(၄:၄၅)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီးကျန်ရစ်သော ရုပ်ကလာပ်ကို သီတင်းကျွတ်လဆုတ် (၈)ရက်၊ (၃-၁၁-၂၀၂၆)ရက် (အင်္ဂါနေ့)မွန်းလွဲ(၂:၀၀) နာရီတွင် "ငန်းတေးသုသာန်"သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသုဘရှုကြွရောက်ကြပါရန်နှင့် ၁၃၈၈- ခုနှစ်၊ သီတင်းကျွတ်လဆုတ်(၁၂) ရက်၊ (၇-၁၁-၂၀၂၆) ရက် (စနေနေ့) အလုပ်အကိုင်နှင့် သီတင်းကျွတ်လဆုတ် (၁၃)ရက်၊ (၈-၁၁-၂၀၂၆) ရက် (တနင်္ဂနွေနေ့)နံနက် (၆:၀၀)နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သူ "ဒေါ်အေးရင်" အားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေမည် ဖြစ်ပါသောကြောင့် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သီတာအောင်
(ဦးစီးအရာရှိ၊ သမိုင်းသုတေသနစာကြည့်တိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)
အသက် (၅၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၁)လမ်း၊ အမှတ်(၂၅)၊ (၃)လွှာ(B)နေ (ဦးသိန်းအောင်)-ဒေါ်သန်းတင်(ခ) ဒေါ်ရေး တို့၏သမီး၊ (ဦးဝင်းသန်း)၊ ဒေါ်တင်တင်လွင် (ဒုတိယအထွေထွေမန်နေဂျာ၊ မြဝတီဘဏ်လီမိတက်)၊ ဦးစိုးမင်းထွန်း-ဒေါ်တင်ဝင်းသူ တို့၏ ညီမ၊ မောင်ဉာဏ်လင်းထွဋ်၏ အဒေါ်ဖြစ်သူ ဒေါ်သီတာအောင်သည် ၁၃၈၈-ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၆)ရက်၊ (၁-၁၁-၂၀၂၆)ရက်(တနင်္ဂနွေနေ့)နံနက် (၉:၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၃-၁၁-၂၀၂၆) ရက် (အင်္ဂါနေ့)၊ မွန်းတည့် (၁၂:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ နံနက် (၁၀:၀၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ (၇-၁၁-၂၀၂၆)ရက်၊ (စနေနေ့) နံနက် (၇:၀၀) နာရီတွင် အမှတ်(၂၅)၊ (၃)လွှာ(B)၊ ပုသိမ်ညွန့်(၁)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မြို့မအုပ်စု၊ ဈေးတန်းရပ်၊ ဦးပိုင်အမှတ်(၁၀၄)၊ အကွက်အမှတ်(၁၀)၊ ဧရိယာ(၀ဒသမ၁၆၀)ကေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဌေးမွာမြင့် (၁၂/ဗဟန(ဧည့်)၀၂၂၉၀၈)ထံတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦး အောင်မိုးဇော် (၁၃/ပတယ(နိုင်)၀၀၀၂၅၉)နှင့် ဒေါ်တင်သန္တာစိုး(၁၃/ပတယ(နိုင်)၀၂၈၅၄၉) တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ များအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ဦး (LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၄၄)

နန္ဒဝန်ရပ်(၁)ကွက်၊ မြဝတီလမ်း၊ ညောင်ရွှေမြို့

ဒေါ်နော်အေမီဦး (၂/လကန(နိုင်)၀၇၆၃၅၆)နှင့် အများသိစေရန်ကြေညာခြင်း

ဦးထွန်းထွန်းအောင် (၂/လကန(နိုင်)၀၈၆၃၁၉) လှိုင်ကော်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်နော်အေမီဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းအောင်နှင့် ဒေါ်နော်အေမီဦး (၂/လကန(နိုင်)၀၈၆၃၁၉) တို့သည် (၂၀၁၇) ခုနှစ်က လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်နော်အေမီဦးသည် ခင်ပွန်းသည်အပေါ်တွင် ပေါင်းသင်းစဉ်အခါ၌ မယားဝတ္တရားနှင့် တာဝန်များ ပျက်ကွက်၍ ရက်စက်မှုများ ပြုလုပ်ကာ (၂၀၁၈)ခုနှစ်၊ မတ်လမှစ၍ ခင်ပွန်းဖြစ်သူ ဦးထွန်းထွန်းအောင်အား အကြောင်းမဲ့စွန့်ပစ်ပြီး အဆက်အသွယ်ပြုလုပ်ခြင်း၊ သာစေမာစေကြောင်း စသည့် ကိစ္စရပ်များအား တစ်စိုးတစ်စိမျှ ပြုလုပ်ခြင်းမရှိသည့်အပြင် ခင်ပွန်းဖြစ်သူမှ ပြန်လည်ပေါင်းသင်းရန် အကြိမ်ကြိမ်ခေါ်ယူဆက်သွယ်ခဲ့သော်လည်း ငြင်းဆန်ပြီး အဆက်အသွယ်အားလုံး ဖြတ်တောက်ခဲ့ပါသည်။ ထို့ကြောင့် စွန့်ပစ်ခံရသူ ဦးထွန်းထွန်းအောင်သည် ဇနီး၏စွန့်ပစ်မှုကာလ (၁)နှစ်ပြည့်လွန်၍ ယနေ့ (၂၀၂၆) ခုနှစ်ထိ (၈) နှစ်တိုင်တိုင် စောင့်ဆိုင်းခဲ့သော်လည်း ခင်ပွန်းဖြစ်သူအား ပြန်လည်ပေါင်းသင်းရန် အားထုတ်ခြင်းလုံးဝ မရှိသည့်အတွက် ၎င်း၏စွန့်ပစ်မှုကိုခံယူကာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ယနေ့ချိန်မှစ၍ ဒေါ်နော်အေမီဦးနှင့် လင်ခန်းမယားခန်းပြတ်စဲပါကြောင်း၊ ဦးထွန်းထွန်းအောင်၏ ဇနီးမယား မဟုတ်တော့ပါကြောင်း၊ လွတ်လပ်သူအဖြစ် ခံယူပါကြောင်းနှင့် ဦးထွန်းထွန်းအောင်နှင့်ပတ်သက်ဆက်နွှယ်သော လူမှုရေး၊ စီးပွားရေးနှင့် အခြားကိစ္စအဝဝဟူသမျှလည်း ဒေါ်နော်အေမီဦးနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ကြောင်း၊ ထို့ အတူ ဒေါ်နော်အေမီဦးနှင့် ပတ်သက်သော ကိစ္စအဝဝများကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ဒေါ်နော်အေမီဦးနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းအောင်(၂/လကန(နိုင်)၀၈၆၃၁၉)၏လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အဥ္စလီထွန်း (အထက်တန်းရှေ့နေ)(စဉ်-၄၉၃၅၇)

ခူ/၃၈၀၊ ဩဇာလမ်း၊ ဒေါ်ဥခူရပ်ကွက်၊ လှိုင်ကော်မြို့၊ ဖုန်း - ၀၉-၇၇၅၇၇၆၆၇၀

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျော့သာ(မှော်ဘီ)
အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သုဇာတာ(၂)လမ်း၊ အမှတ် (၉၅၁-ဘီ) မြေညီထပ်နေ (ဦးငနီ- ဒေါ်ညိုသွင်ဖြူ) တို့၏သမီး၊ (ဦးအောင်သာလှ-ဒေါ်လှသန္တာ)တို့၏ ချွေးမ၊ မှော်ဘီ မြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်နေ (ဦးဘထွန်း)၊ စစ်မှုထမ်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးသိန်းထွန်းဦး (ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် -ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်) - ဒေါ်သီတာအေး၊ ဦးမောင်မောင်သိန်း(System Dynamic Construction Co., Ltd.) - ဒေါ်နှင်းရီ၊ ဒေါ်ကျော့ကျော့သက်(Top Hope Chinese Language Center)တို့၏ချစ်လှစွာသော မိခင်၊ မောင်ကောင်းကျော်ဦး (သန်လျင် TU)၊ မောင်ရဲဝင့်(MIIT)၊ မလမင်း မောင်မောင် (အထက ၂၊ တာမွေ)၊ မဝေမာလွင်တို့၏ အဘွားသည် ၂-၁၁-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် ၉:၄၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၄- ၁၁ - ၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀/ Phase-2) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အဓိပတိ(၃)လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ မြေကွက်အမှတ်(၂၅၀/၁၆)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေအမျိုးအစား-ပါမစ်မြေ၊ မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်သက်တမ်းပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်(သက်တမ်းလွန်) အမည်ပေါက် ဦးအောင်ဇော်နိုင် (၁၂/လမတ(နိုင်)၀၂၅၇၅၈)မှ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/70090, Toyo Max 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၉/မရမ(နိုင်) ၀၈၈၅၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/52778 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါ ၇/ဝမန(နိုင်)၁၁၀၃၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ကားအလှဆင်ပစ္စည်း၊ Car Audio နှင့် ကားစတေကာ လက်လီ / လက်ကား ဖြန့်ချီရေး Dream II ဆိုင်လုပ်ငန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ နယ်မြေ(၁၀)၊ ဇောတိကလမ်း၊ အမှတ်(၂၁၅)နေ ဦးအောင်ဆန်းလင်း ၁၃/တကန(နိုင်)၁၅၀၃၈၀ နှင့်ဇနီး ဒေါ်ခိုင်ဆွေထက် ၁၂/လသန(နိုင်)၀၁၉၅၃၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းတွင် ဖွင့်လှစ်ထားသော Dream II အမည်ဖြင့် ကားအလှဆင်ပစ္စည်း၊ Car Audio နှင့် ကားစတေကာ လက်လီ/လက်ကားဖြန့်ချီရေးလုပ်ငန်းမှာ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ဆန်းလင်းနှင့် ဇနီး ဒေါ်ခိုင်ဆွေထက်တို့က လွန်ခဲ့သော ၂၀၀၈ ခုနှစ်မှစတင်၍ ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ကိုင်လျက်ရှိသည်မှာ (၁၈)နှစ်ခန့် ရှိပြီဖြစ်ပါသည်။ အဆိုပါ ကျွန်ုပ်မိတ်ဆွေများ၏ Dream II အမည်ပါ ကားအလှဆင်ပစ္စည်း၊ Car Audioနှင့် ကားစတေကာ လက်လီ/ လက်ကားဖြန့်ချိရေးလုပ်ငန်းနှင့်တကွ ကျွန်ုပ်မိတ်ဆွေ မိသားစု၏ ဂုဏ်သိက္ခာများကျဆင်းစေလိုသောဆန္ဒဖြင့် တမင်ကြံရွယ်၍ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စာသားများဖြင့် ဆိုင်၏ဓာတ်ပုံနှင့်တကွဖော်ပြ၍ ရည်ရွယ်ချက်ရှိရှိ ရေးသားပြောဆို ဖြန့်ဝေခြင်းများ ပြုလုပ်နေကြောင်းသိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ မိသားစုများ၏ ဂုဏ်သိက္ခာနှင့် Dream II ဆိုင်လုပ်ငန်း၏ ကောင်းသတင်းများ ကျဆင်းစေရန် တမင်ကြံရွယ်၍ Social Media များပေါ်တွင်သော်လည်းကောင်း၊ ပြင်ပလူမှုပတ်ဝန်း ကျင်တွင်သော်လည်းကောင်း၊ အမှန်မဟုတ်သည့် အတင်းအဖျင်းများ၊ သတင်းများကိုပြောဆိုရေးသားဖြန့်ဝေ ခြင်းများနှင့် လုပ်ငန်းတည်ငြိမ်အေးဆေးစွာ လုပ်ကိုင်နိုင်ခြင်းမရှိအောင် အခြားနည်းလမ်းတစ်မျိုးမျိုးတို့ဖြင့် နှောင့်ယှက် ဟန့်တားခြင်းများ ထပ်မံမပြုလုပ်ပါရန်နှင့် ဆက်လက်ပြုလုပ်နေမည်ဆိုပါက အဆိုပါ လူပုဂ္ဂိုလ်တို့အား တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဆန်းလင်းနှင့် ဇနီး ဒေါ်ခိုင်ဆွေထက်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဌေးဌေးရီ(ခ)ဒေါ်ခင်စိန်လှိုင်	ဒေါ်မေသဒ္ဒါစိုး	ဒေါ်ထွန်းဇင်မာအေး
စဉ်-၁၀၆၅၃	စဉ် - ၁၈၂၆၆	(စဉ် - ၁၈၂၀၇)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ

ဒေါ်နုနုအောင် စဉ် - ၅၃၇၆၀
အထက်တန်းရှေ့နေ
အမှတ်(၁၅၁)၊ ရတနာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့

ငွေကြေးချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၁၀

ဒေါ်မြင့်သန်း	နှင့်	ဦးဝင်းမောင်
တရားလို		တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၄x၅၅ လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြား၊ အကွက်အမှတ်(၈၈-၂၄)၊ ဦးပိုင်အမှတ်(၄၃)၊ ထွန်းတုံးရပ်ကွက်နေ ဦးဝင်းမောင်(ဘ) ဦးတင်အောင် K/RGN-၀၂၉၆၄၇ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မြင့်သန်း က မန္တလေးမြို့၊ (ယခင်) ပုသိမ်ကြီးမြို့နယ်၊ (ယခု) ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၂)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/4741 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 13W/08343 ယာဉ်လက်ဝယ်ရှိသူ ဦးအောင် ၉/မခန(နိုင်)၀၅၉၀၀၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

Nann Shoon Lae , Youki, Shoon, နန်းသူရအောင်, နန်းရွှန်းလဲ့ဦး TikTok Account ပိုင်ရှင်များနှင့်အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးရီထွန်း၏သား ကေအင်လေး(ခ)ဦးကေ (၁၃/ရစန(နိုင်)၀၉၀၀၃၁) သည် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာရပ်တည် နေထိုင်သူတစ်ဦးဖြစ်ပါ သည်။ Nann Shoon Lae , Youki, Shoon,နန်းသူရအောင်,နန်းရွှန်းလဲ့ဦး Tik tok Account များမှ ကေအင်လေး(ခ) ဦးကေ၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏အမည်အားအသုံးပြု၍ ဂုဏ်သိက္ခာကျဆင်းစေသောစကားလုံးများ၊ အသရေပျက်စေသော အသုံးအနှုန်းများဖြင့်ရေးသား၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် ယခုကြေညာပါသည့်ရက်မှစ၍ ရပ်တန့်မှုရပ်ပါရန်နှင့်(၃)ရက်အတွင်းပြန်လည် ပယ်ဖျက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင်ကေအင်လေး(ခ) ဦးကေနှင့်ပတ်သက်၍ အထက်ဖော်ပြပါ TikTok Account များနှင့်မည်သူမဆိုဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မမှန်မကန်ကြေညာခြင်း၊ ဖြန့်ဝေခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် ခြင်း၊အသရေပျက်စေခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်လျှင်သော်လည်းကောင်း၊ ဖြန့်ဝေထားသည်များကို ပြန်လည်ပယ်ဖျက်ပေးရန် ပျက်ကွက်လျှင်သော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကေအင်လေး(ခ)ဦးကေ ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိဖြူနှင်း (LL.B, D.B.L,D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)

ဖုန်း-၀၉-၄၂၀၀၄၇၅၅၅

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၀)လမ်း၊ တိုက်အမှတ်(၄၁၆)၊ အခန်းအမှတ် (ဒုတိယထပ်)(၃-လွှာ)(ခြေရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းသန်းမြင့် (၁၂/လမန(နိုင်)၁၅၁၂၇၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ဇာခြည်မြင့် (၉/နထက(နိုင်) ၁၈၄၁၀၃)၊ ဦးကောင်းမြတ်ထွဋ်(၁၂/အစန(နိုင်)၂၈၉၅၁၆)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဇ္ဇလီ (LL.B, LL.M)(စဉ်-၅၆၈၈၇)

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်း(မြောက်/အရှေ့)ရပ်ကွက်၊ ဌာနာလမ်း၊ တိုက်အမှတ်(၅၄)၊ အခန်းအမှတ်(မြေညီ+ထပ်ခိုး) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်စောထွေး(၁၂/မဂဒ(နိုင်) ၀၇၂၈၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်စိုး(၁၂/ဗဟန(နိုင်)၀၉၃၉၄၀) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B)	ဒေါ်ခင်စောသိန်း (LL.B)	ဒေါ်သိမ့်သဇ္ဇလီ (LL.B, LL.M)
(စဉ်-၁၁၅၅၃)	(စဉ်-၁၃၂၈၆)	(စဉ်-၅၆၈၈၇)

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/60641, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမွန် ၇/တငန(နိုင်) ၁၂၇၉၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး(လွိုင်ကော်)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်နေ ကျွန်တော် ဦးလှမြင့် ၁၂/သဃက(နိုင်) ၀၅၀၃၈၈ နှင့် ကျွန်မ ဒေါ်ကြည်အေး ၁၂/သဃက(နိုင်) ၀၄၉၆၃၆ တို့၏သမီး မစုစုလှိုင် ၁၂/ဒဂတ(နိုင်) ၀၄၇၆၉၃သည် မိဘများအား စိတ်ဆင်းရဲ အောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါ ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအရှုပ်အရှင်းကို မိဘနှစ်ပါးတို့အနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးလှမြင့်-ဒေါ်ကြည်အေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/91627, Lanjia 110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင် ၂/လကန(နိုင်) ၀၉၃၆၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ကယားပြည်နယ်ရုံး(လွိုင်ကော်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ယနေ့ မိုးလေဝသ

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပို့)**

စာမျက်နှာ ၈ ကော်လံ ၁ ❑

ယနေ့ မာတိကာ

နိုင်ငံတော်ဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို

ပြည်တွင်းသတင်း စာ ၁၃

ဆိုင်ကလုန်းမုန်တိုင်း မူရာစုကြောင့် အိန္ဒိယတောင်ပိုင်းတွင် လေကြောင်းခရီးစဉ် ၂၀ ကျော် ဖျက်သိမ်း

နိုင်ငံတကာသတင်း စာ ၁၄

ပထမဆုံး World Series ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာတက်ဂ်ဘောအသင်း

Teqball World Series Ayutthaya 2026 ပြိုင်ပွဲတွင် တတိယဆုရရှိ



နေပြည်တော် နိုဝင်ဘာ ၂

၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့အဆင့်တက်ဂ်ဘောပြိုင်ပွဲ Teqball World Series 2026 ပြိုင်ပွဲကြီး၏ Women's Doubles ပြိုင်ပွဲတွင် မြန်မာအသင်းမှ မြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်သည့် ဆုမွန်အောင်နှင့် နိုင်နိုင်ဝင်းတို့အတွဲသည် ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံများမှ တက်ဂ်ဘော အားကစားသမား

စာမျက်နှာ ၇ ကော်လံ ၁ ❂



အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စု(A) အဖွင့်ပွဲတွင် ဧရာဝတီအသင်း နာဂိုရန်းအသင်းကို အရေးနိမ့်

ရန်ကုန် နိုဝင်ဘာ ၂

အာရှအမျိုးသမီးချန်ပီယံလိဂ် ၂၀၂၆–၂၀၂၇ အုပ်စု (A) ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာကိုယ်စားပြု ဧရာဝတီအမျိုးသမီးအသင်းက လက်ရှိချန်ပီယံ မြောက်ကိုရီးယားကလပ် နာဂိုရန်းအသင်းကို ငါးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ပြည်ပကစားသမားများဖြင့် ခေါ်ယူအားဖြည့်ထားသည့် ဧရာဝတီအသင်းသည် အိမ်ကွင်းအားသာချက်ကိုရယူကာ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သော်လည်း နာဂိုရန်းအသင်း၏ တိုက်စစ်ကို မတားဆီးနိုင်ဘဲ ပထမပိုင်းတွင် ဦးဆောင်ဂိုး နှစ်ဂိုး ခွင့်ပြုခဲ့ရသည်။ ဒုတိယပိုင်းတွင် နာဂိုရန်းအသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ငါးဂိုး ထပ်မံသွင်းယူကာ ဧရာဝတီအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ နာဂိုရန်းအသင်းအတွက် အနိုင်ဂိုးများကို ၄၃ မိနစ်တွင် ကုဟွမ်ရီ၊ ၄၅+၁ မိနစ်တွင် ရီယုကျောင်း၊ ၅၂ မိနစ်တွင် ကျောင်းက္၊ မိနစ် ၇၀ တွင် ကင်မ်ကျူကျန်၊ ၈၁၊ ၉၀+၆ မိနစ်တွင်

စာမျက်နှာ ၇ ကော်လံ ၃ ■

M League U-20 ပြိုင်ပွဲ အပတ်စဉ်(၂၂) ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားနှင့် ရတနာပုံတို့ အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၂

M League 2026 U-20 အမှတ်ပေးဘောလုံးပြိုင်ပွဲ အပတ်စဉ် (၂၂) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲခွက ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းသည် ပွဲချိန် ၇ မိနစ်တွင် ကောင်းခန့်ကျော် သွင်းယူပေးခဲ့သည့် ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒဂုံစတားအသင်းက ထွန်းထက်ကျော် (၁၆ မိနစ်)၊ ညီနိုင်(၅၈၊ ၆၆ မိနစ်)၊ ဇောဘိုထက် (၈၂ မိနစ်)နှင့် နေသူရိန်ဝင်း (၉၀+၂ မိနစ်)တို့က အနိုင်ဂိုးများ ပြန်လည်သွင်းယူခဲ့သဖြင့် ပွဲပြီးချိန်တွင် ဒဂုံစတားအသင်းကို ရှုံးနိမ့်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၃ ●



ဗီယင်နာအိုးပင်းဖလား အယ်ကာရက်ဇ် ဆွတ်ခူး

စပိန်တင်းနစ်အကျော်အမော် ကားလို့စ် အယ်ကာရက်ဇ်သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည့် ဗီယင်နာအိုးပင်းတင်းနစ်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဩစတြီးလျဝတင်းနစ်ကစားသမား အဲလက်ဇန်ဒါမီနောကို ၆–၁၊ ၆–၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ▲